# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 28 October 2024 ၁၁၆၂၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


**ဒီမိုကရေစီမှ နန်းစဉ်နိုင်ငံရေးသို့ အင်ဒိုနီးရှားအစိုးရအသစ်နှင့် ရှေ့အလားအလာ**
ဆောင်းပါး စာမျက်နှာ » ၆

**တရားမဝင်ကုန်သွယ်မှု၏ ပုံစံများနှင့် ထိခိုက်နစ်နာမှုများ**
ဆောင်းပါး စာမျက်နှာ » ၁၁

**ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ် အပူဇော်ခံပွဲ ၁၀ရက်တိုင် ကျင်းပမည်**
စာမျက်နှာ » ၁၂

**ဆောင်းရာသီကာလ (၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ)အတွက် ယေဘုယျ မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်**
စာမျက်နှာ » ၁၇

**ရှက်စွယ်တော် ပမာထားပါလို့ ကဗျာအားဖြင့် ချစ်ကြိုးသွယ် မြစ်ကျဉ်းသုံးသွယ် ဒေသဝယ်**
ဆောင်းပါး စာမျက်နှာ » ၁၈


## ပဲခူး-ရန်ကုန်နှင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ်(၁၆)အစုန်၊ အမှတ်(၁၅)အဆန် လေအေးစက်တပ် ခေတ်မီ ဒီဇယ်လျှပ်စစ်(DEMU)ရထား ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိပြီး ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများ အသုံးပြု၍ ပဲခူး-ရန်ကုန်-ပဲခူး ခရီးစဉ်ကို ပြေးဆွဲလျက်ရှိရာ ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အဆင့်မီမီလိုက်ပါစီးနင်းနိုင်ပြီး ပဲခူးမြို့တွင်းနှင့် ရန်ကုန်မြို့တွင်းသို့ ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ အချိန်တိုအတွင်း ရောက်ရှိစေကာ ဈေးနှုန်းသက်သာစွာဖြင့် စီးနင်းနိုင်မှုကြောင့် ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိသည်။


စာမျက်နှာ ၄ ကော်လံ ၄ သို့ ✪




လေအေးစက်တပ် ခေတ်မီ ဒီဇယ်လျှပ်စစ်(DEMU)ရထားဖြင့် လိုက်ပါစီးနင်းကြမည့်ခရီးသည်များကို တွေ့ရစဉ်။



## တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၃၁၉၈ ဧက လျာထားစိုက်ပျိုးမည်

တပ်ကုန်း အောက်တိုဘာ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာစသည့် သီးနှံမျိုးစုံ ၂၃၁၉၈ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်ရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆီထွက်သီးနှံမျိုးစုံ ထွက်နှုန်းကောင်းမျိုးကောင်း၊ မျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# နိုင်ငံအတွက်အားထားရမည့် လူကောင်းလူတော်များပျိုးထောင်

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် ပညာတတ်အရင်းအမြစ်များ ပေါများကြွယ်ဝကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်ပညာတတ်အရင်းအမြစ်များပေါများလာအောင် နိုင်ငံများက ဦးစားပေးဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဘက်စုံပညာရေးစနစ်သည် ပညာသင်ကြား ထူးချွန်တတ်မြောက်ရေးသာမက ဗလငါးတန်နှင့်ပြည့်စုံသည့် အရည်အသွေးပြည့်ဝသော လူချွန်လူကောင်းများ မွေးထုတ်ပေးရေးဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆)မှ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံမှာကြားရာတွင် "အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်းအပေါ်တွင် မူတည်နေကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏တာဝန်ပင်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ ဒေသအသီးသီးရှိစာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေးကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် စာသင်ကျောင်းများတွင် ပညာသင်ကြားရေးသာမက ပညာရေး၏အနှစ်သာရဖြစ်သော အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်များကိုလည်း သင်ကြားပေးလျက်ရှိသည်။

လူအများ၏ဘဝသည် အသိပညာ၊ အတတ်ပညာ ပြည့်စုံမှုရှိ၊ မရှိအပေါ်တွင် ကွာခြားမှုများ၊ ပြောင်းလဲတိုးတက်မှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ငယ်စဉ်ကတည်းက ပညာကိုတစိုက်မတ်မတ် ဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြပါက ဘဝအတွက် ပိုမိုအကျိုးရှိမည်ဖြစ်သည်။ လက်ရှိတွင် ပညာတစ်ဝက်တစ်ပျက်ဖြင့် ကျောင်းထွက်လိုက်ရသူ များစွာရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ပညာကို ဆုံးခန်းတိုင်အောင် မသင်နိုင်ပါက ပညာပြည့်ဝသင့်သလောက်မပြည့်ဝဘဲ ဘဝတွင် လိုအပ်ချက်များရှိနေမည်ဖြစ်သည်။ ပညာကိုဆုံးခန်းတိုင်အောင်သင်ယူပြီး ဘဝလိုအပ်ချက်ပြည့်စုံနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆ ပြည့်စုံမှန်ကန်ရေးကိုလည်း ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးခြင်းနှင့်အတူ ကျောင်းစည်းကမ်းလိုက်နာခြင်းမှအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာဗဟုသုတများရှာမှီးနိုင်ရန် ကျောင်းစာကြည့်တိုက်များ၊ ရပ်ရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းများသည် ပညာရေးနှင့်ဆက်စပ်နေသဖြင့် ဒေသအသီးသီးတွင် အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအား နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့်ပညာတတ်၊ လူကောင်း၊ လူတော်လေးများဖြစ်လာအောင် ပျိုးထောင်ပေးကြရမည့်သူများမှာ ဆရာ ဆရာမများဖြစ်ကြသလို မိဘအုပ်ထိန်းသူများ၏ ပံ့ပိုးကူညီအားပေးမှုများလည်း လိုအပ်သည်။ ယခင်ကတစ်နှစ်တစ်တန်းအောင် ပညာသင်ယူပြီးဆုံးရေးကိုသာ ဦးစားပေးခဲ့ရာမှ ယခုအခါ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိရာ နိုင်ငံတော်၏ကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်လိုသည့် မွန်မြတ်သောစိတ်ကောင်းစေတနာကောင်းများရှိသည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမည်ဟု ယုံကြည်ပါကြောင်း။ ။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့ လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## မိတ္ထီလာခရိုင်အဆင့်ဌာနဆိုင်ရာများ စုပေါင်းဆွမ်းလောင်းလှူပွဲကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ခရိုင်အဆင့်ဌာနဆိုင်ရာများ၏ ပါဝင်လှူဒါန်းမှုဖြင့် မြို့လုံးကျွတ်သံဃာတော်များအား ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၅နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းနေရာ၌ ကျင်းပသည်။



အဆိုပါဆွမ်းလောင်းလှူပွဲတွင် မြို့တွင်းရှိကျောင်းတိုက်များမှ သံဃာတော် ၅၆၈ ပါးတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူခဲ့ကြပြီး ပင့်သံဃာတော်များထံမှ ဆွမ်းရေစက်ချတရားတော်များကို စုပေါင်းနာယူခဲ့ကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## စံပြဖဆပလရောင်းဝယ်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရောင်းဝယ်ရေးအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် အမက(၁၃)



ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းအတွင်းရေးမှူး ဒေါ်အေးမြင့်က ဆောင်ရွက်ပြီး သမဝါယမအသင်း ကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအသင်းလုပ်ငန်းများ စနစ်တကျလုပ်ဆောင်ရေးနှင့် သမအသင်းဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးပြောကြားသည်။

ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာများကို အသင်းသားတစ်ဦးက ဖတ်ကြားရှင်းလင်းပြီး အသင်းသားများအား အစုပေါ်အမြတ်လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်းသိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမွဲဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမွဲဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်လေ့ကျင့်နေမှုကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၂၇

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများနှင့်တွေ့ဆုံ**

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ပါဝင်နွှဲပျော်ဂုဏ်ယူဖွယ်ရာ အမျိုးသားအားကစားပွဲတော် Video Clip၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား မှတ်တမ်းနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အစီအစဉ်အလိုက် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုကျင်းပမည့် အားကစားပွဲတော်သည် ပြည်တွင်း၌ ကျင်းပသည့် ပွဲတော်ဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ကဏ္ဍအလိုက် နယ်ပယ်အသီးသီးမှ လူဦးရေ ၁၂၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျောင်းသူများအနေဖြင့် ပွဲတော်ကြီး၏ ကျရာကဏ္ဍမှ စိတ်အားထက်သန်စွာဖြင့် အကောင်းဆုံးပါဝင်ဖျော်ဖြေတင်ဆက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့် ပညာရေးကို အမြဲအားပေးထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က အားကိုးရပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဟာသပညာရှင် ဒိန်းဒေါင်တို့က ကျောင်းသူများကို အားပေးစကား ပြောကြားပြီး ဒိန်းဒေါင်က “ဆု” သီချင်းဖြင့် သီဆိုဖျော်ဖြေရာ ကျောင်းသူများက ပါဝင်ဆင်နွှဲကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် “လှပချစ်စရာ တို့ရွှေမြန်မာ” သီချင်းနှင့်အတူ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ကြမည့် ကျောင်းသူများ၏ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ လိုက်လံပေးအပ်သည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ စိုးမြင့်မိုရ်ခန်းမ၌ ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး Video Clip များကို ပြသကာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အားပေးစကားပြောကြား၍ ဒိန်းဒေါင်က “ ညမွှေးပန်း” သီချင်းဖြင့် သီဆိုဖျော်ဖြေကြရာ ကျောင်းသူများက ပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ “လှပချစ်စရာ တို့ရွှေမြန်မာ” သီချင်းနှင့်အတူ သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ကြမည့် ကျောင်းသူများ၏ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အကနည်းပြ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အခြေခံပညာကျောင်းများမှ ကျောင်းသူဦးရေ ၃၀၀ တို့က ပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် “လှပချစ်စရာ တို့ရွှေမြန်မာ” သီချင်းဖြင့်လည်းကောင်း၊ ပိတ်ပွဲ အခမ်းအနားတွင် “ရွှေပြည်တော်သို့ တို့အတူ” သီချင်းဖြင့် လည်းကောင်း အကအလှများဖြင့်တွဲဖက်၍ ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကို ကျောင်းသား ကျောင်းသူများ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသား အားကစားပွဲတော် အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များ၊ မီးရှူးမီးပန်း အလှဆင် ပစ်ဖောက်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစား လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ရည်ရွယ်၍ ဝန်ကြီးဌာနအဆင့်တွင် အားကစားနည်းခြောက်မျိုးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်တွင် အားကစားနည်း ၂၃ မျိုးဖြင့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ တပ်ကုန်းမြို့နယ်မှ**

နည်းပညာရပ်များ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင် ဆီထွက်သီးနှံများ စိုက်ပျိုးကြရေးကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၀၇၉၄ ဧက၊ နှမ်း ၁၁၃၆၇ ဧကနှင့် နေကြာ ၁၀၃၇ ဧက စုစုပေါင်း ၂၃၁၉၈ ဧကစိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အောင်မြင်အောင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံးပျက်စီးသွားသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံးပျက်စီးသွားသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်း၊ တပ်ကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများ၊ ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ စိတ္တသုခဓမ္မာရုံ၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ်ရုံးမှ ရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံး/ပျက်စီးသွားသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲသို့ တက်ရောက်အားပေးစကားပြောကြားပြီး ပျဉ်းမနားမြို့နယ်အတွင်း



ရေကြီးနစ်မြုပ်ခဲ့သည့် ညောင်ပင်သာကျေးရွာအုပ်စု၊ ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာအုပ်စု၊ သကြားစက်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာအုပ်စု၊ နတ်သူရဲကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ သနပ္ပင်ဆိပ်ကျေးရွာအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ချောင်းခွကျေးရွာ ကွင်းအမှတ် ၁၃၂၇ (ညောင်ကိုင်းကွင်း)သို့ရောက်ရှိပြီး ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် မြေပြင်ခြင်း၊ စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲသို့ တက်ရောက်အမှာစကား ပြောကြားကာ ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာများတွင် ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မတ်ပဲနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါကွင်းအတွင်း သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် မြေပြုပြင်ဆောင်ရွက်နေမှုများနှင့် တင်ကျန်ခဲ့သည့် သဲနုန်းများ ခြစ်ထုတ်နေမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် နောင်ခမ်းကျေးရွာတွင် ရေမျောခဲ့သည့် နေအိမ်များ ပြန်လည်တည်ဆောက်နေမှုနှင့် ကျေးရွာတွင်းလမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ လက်ပံကုန်းကျေးရွာ -မကျီးကုန်းကျေးရွာ - သရက်အုပ်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးဦးရဲတင့် စာဆိုဗိမာန်အဆောက်အအုံ သုံးထပ်(RC) ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်း အမှတ်(၁၈-အေ)ရှိစာဆိုဗိမာန်အဆောက်အအုံ သုံးထပ် (RC) ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထိုသို့တွေ့ဆုံမှာကြားရာတွင် ဒုတိယဝန်ကြီးက လုပ်ငန်းစတင်ဆောင်ရွက်ရာတွင် ခိုင်မာတောင့်တင်းမှု သေချာစေရန် လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများကို အခြေခံဆောင်ရွက်ရန်လိုကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းကြီးတစ်ခုလုံး ၂၀၂၅ ခုနှစ်ကုန်ခန့်တွင် ပြီးစီးရေး စီမံချက်ချဆောင်ရွက်ပေးရန်နှင့် ရေစီးရေလာကောင်းမွန်ရေးကို သတိထားဆောင်ရွက်ပေးရန်၊ ပင်မအဆောက်အအုံကြီးကို သတ်မှတ်ဒီဇိုင်း၊ အတိုင်းအတာဖြင့် အရည်အသွေးမလျော့စေရန်နှင့် အတွင်းပိုင်းအချောသတ်ပြင်ဆင်မှုများကို ညှိနှိုင်းပြီး ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ကျိုက်လတ်၌ Book Club နှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ စာဖတ်ဝိုင်း ကျင်းပ

**ကျိုက်လတ် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲပိုင်းက စာပေချစ်မြတ်နိုးသူများအသင်း (Book Club) နှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) ရေးသားသည့် "အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကျန်းမာရေး ဆေးပညာပေးဆောင်းပါးများ" စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Book Club အဖွဲ့ဝင် ဦးအေးမြင့်က "အစားအစာ သန့်ရှင်းမှုနှင့် ကျန်းမာရေး" အကြောင်း၊ Book Club အဖွဲ့ဝင် ဒေါ်ယဉ်လှက "ငရုတ်သီးနှင့် ကျန်းမာရေး" အကြောင်းနှင့် Book Club အဖွဲ့ဝင် မခြူးရတီကိုက "ခန္ဓာကိုယ်ထဲတွင် ပါဝင်သောဓာတ်များ" အကြောင်းတို့ကို ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



လေအေးစက်တပ်ခေတ်မီ ဒီဇယ်လျှပ်စစ်(DEMU)ရထား လိုက်ပါစီးနင်းသည့် ခရီးသည်များကို တွေ့ရစဉ်။

**❂ ရှေ့ဖုံးမှ**

အဆိုပါ အမှတ်(၁၆) အစုန် ပဲခူး-ရန်ကုန် DEMU ရထားသည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိပြီး အမှတ် (၁၅)အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ည ၇ နာရီ ၅ မိနစ်တွင် ရောက်ရှိသဖြင့် ပဲခူးမှရန်ကုန်သို့ အလုပ်သွား အလုပ်ပြန် အဆင်ပြေမှုရှိကြောင်းနှင့် လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာ၌ ရပ်တန့်ပေးခြင်းကြောင့် လမ်းခရီးတွင် လိုက်ပါစီးနင်းကြသူများအတွက်ပါ အဆင်ပြေမှုရှိပြီး ရထားစီးခရီးသည် စီးနင်းမှုများပြားခြင်းဖြစ်သည်။

မြန်မာ့မီးရထား အနေဖြင့် ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး အဆိုပါရထားအတွက် ဘူတာများတွင် လက်တန်းပါ သံလှေကားများ ပြုလုပ်တပ်ဆင်ပေးထားပြီး ရထား ဆိုက်ရောက်/ထွက်ခွာချိန်များ၌ အဆင်ပြေလွယ်ကူစွာ လိုက်ပါစီးနင်းနိုင်စေရေး စီစဉ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

စာပေမြင့်မှ လူမျိုးတင့်မည်

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(ယမန်နေ့မှအဆက်)

**လ**

**လ**၏ အနက်လည်း 'ပေါင်းစည်းခြင်း' ပင်ဖြစ်သည်။ **လ**၏အနက် ပေါင်းစည်းခြင်းဖြစ်သည်ကို ခက်ခက်ခဲခဲ ကြံဆဖော်ထုတ်လိုက်ရပေသည်။ **လ** ကို ကြိယာအဖြစ် အသုံးမတွင်သဖြင့်လည်း **လ**၏အနက်ကို ဖော်ထုတ်ရခက်သည်ဟု ဆိုရမည်။

မြန်မာအဘိဓာန်တွင် **လ**ကို နာမ်အဖြစ်လည်းကောင်း၊ ပစ္စည်းအဖြစ်လည်းကောင်း ပြထားသည်။ "**လ**၊ န-၁၊ ကမ္ဘာကို လှည့်ပတ်နေ၍ နေမှအလင်းကို ကမ္ဘာမြေသို့ ရောင်ပြန်ဟပ်ပေးသော သဘာဝဂြိုဟ်ကြီး။ တနင်္လာဂြိုဟ်။ ၂၊ လဆန်းတစ်ရက်မှ လကွယ်ရက်အထိ ဖြစ်သော ကာလအပိုင်းအခြား။ ၃၊ တစ်နှစ်၏ ၁၂ပုံ ၁ပုံ ဖြစ်သော ကာလအပိုင်းအခြား။"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဤတွင် န- ၁၊ သည် ပါဠိဘာသာ စန္ဒ။ န-၂ နှင့် ၃ သည် ပါဠိဘာသာ မာသ ဖြစ်သည်။

မိုးကောင်းကင်မှ (ပါဠိ-စန္ဒ)ကို အဘယ်ကြောင့် လဟုခေါ်သနည်း။ **လ**၏အနက်သည် စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ **လ**၏ အနက်သည် ပေါင်းစည်းခြင်းဖြစ်သည်။ အနက်ပေါ်လွင်အောင် **လ** ၏ တိုင်သံဖြစ်သော**လက်**၏ အနက်ဖြင့် ဆက်စပ်ဖော်ထုတ်ရပေသည်။ **လက်**၏ အနက်မှာ တွယ်ကပ်၊ ငြိတွယ် (ငြိ = ညိ) ဖြစ်သည်။ တွယ်ကပ် ငြိတွယ်ခြင်းသည် လှုပ်ရှားခြင်းကိုဖြစ်စေသည်။ တွယ်ကပ်ငြိတွယ်ခြင်းသည် လှုပ်ရှားခြင်းမှတစ်ဆင့် အရောင်အလင်းကို ဖြစ်စေသည်။

ခန္ဓာကိုယ်တွင် တွယ်ကပ်ချိတ်ဆက်နေသော အင်္ဂါအစိတ်အပိုင်းကို **လက်**ဟုခေါ်သည်။ ငှက်စသည်၏ အတောင်အလက် ဆိုသည်မှာလည်း ထို့အတူပင်ဖြစ်သည်။

တွယ်ကပ်၊ ငြိတွယ်ခြင်းသည် အရောင်အလင်းကိုလည်း ဖြစ်စေသည်။ ထို့ကြောင့် **လက်**သည် အရောင်ထွက်သည်။ အရောင်တောက်သည်ဟူသော အဓိပ္ပာယ်လည်းရှိသည်။ လက်၊ လင်၊ လင်း အနက်တူသည်။ အရာဝတ္ထုတစ်ခုသည် တစ်နေရာတည်းတွင် စွဲမြဲတွယ်ကပ်ငြိတွယ်နေလျှင် လှုပ်ရှားမှုကိုလည်းကောင်း၊ အရောင်လင်းလက်မှုကိုလည်းကောင်း ဖြစ်ပေါ်စေပါသည်။

ဤသဘောတရားများကြောင့် **လ**၏အနက်သည် **လက်**၏အနက်နှင့်တူသည်ဟု ကောက်ချက်ချနိုင်ပါသည်။ ထိုအခါ **လ**ကို အဘယ်ကြောင့် **လ**ဟုခေါ်သနည်း ဆိုသည့်အဖြေ ပေါ်လာပါသည်။ လက်သောအရာ၊ လင်းလက်သောအရာဖြစ်၍ **လ**ဟုခေါ်ခြင်းဖြစ်ကြောင်း သိလာရပါသည်။ **လ**သည် လက်သောအရာ လင်းသောအရာဖြစ်သည်။

ထို **လ**သည် ကွယ်ပျောက်နေရာမှ တစ်ဖန်ပေါ်ထွက်လာသည်ကို လဆန်းသည်ဟုဆိုသည်။ ထို **လ**သည် အစိတ်အခြမ်းအဖြစ် ဆန်းလာရာမှ ၁၅ ရက်ကြာသောအခါ **လ**သည် ဝန်းဝန်းဝိုင်းဝိုင်း ဖြစ်လာသည်။ ထိုသို့ ဖြစ်သည်ကို လပြည့်သည်ဟုဆိုသည်။ လဆန်းသည်မှ လပြည့်သည်အထိဖြစ်သည်ကို လပြည့်သည်ဟုဆိုသည်။ လဆန်းသည်မှ လပြည့်သည်အထိ ၁၅ ရက်ကို လဆန်းရက်ဟုခေါ်သည်။ လပြည့်ပြီး ကျော်လာသည့်လကို လပြည့်ကျော်ဟု ခေါ်သည်။ တဖြည်းဖြည်း ဆုတ်ယုတ်သွားသဖြင့် လဆုတ်ဟုလည်းခေါ်သည်။ အချို့လတွင် လပြည့်ကျော် ၁၄ ရက်တွင် လကွယ်၍ အချို့လများတွင် လပြည့်ကျော် ၁၅ ရက်တွင် လကွယ်သည်။ လဆန်း ၁ ရက်နေ့မှ လကွယ်သည်အထိ ၂၉ ရက် သို့မဟုတ် ရက် ၃၀ ကို တစ်လဟုခေါ်သည်။ ၁၂ လကြာလျှင် တစ်နှစ်ဟုခေါ်သဖြင့် တစ်လအချိန်အခါသည် တစ်နှစ်၏ ၁၂ ပုံ ၁ပုံ ဖြစ်သည်။

**လ**၏ အနက်၊ **လက်**၏ အနက်သည် ထိမိဆက်စပ်ပေါင်းစည်းသည့် အနက်၊ လှုပ်ရှားသည့်အနက်၊ တောက်ပသည့်အနက်များရှိကြောင်း ရှင်းပြခဲ့ပါသည်။ ထိုအနက်များရှိကြောင်းကို ထိတ်ထိတ်လလ ဟူသော စကားမှ **လလ**၏အနက်နှင့် ဆက်စပ်ကြည့်နိုင်ပါသည်။ **လ**၏ အနက်ကို **လ**၏ တိုင်သံများဖြစ်သော **လက်**၊ **လတ်**၊ **လပ်** တို့နှင့်ဆက်စပ်၍ အနက်ဖော်နိုင်ပါသည်။ **လ**နှင့် **လက်**အနက်ဆက်နွယ်ပုံကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ **လ** ၏အနက်ကို လက်နှင့် ဆက်စပ်ကြည့်ပါက လလ၏ အနက် ပေါ်လွင်လာပါလိမ့်မည်။

ဆတ်ကော့လတ်ကော့၊ လတ်ကော့လတ်ကော့၊ လတ်လျားလတ်လျားတို့မှ လတ် ၏အနက်မှာ သွက်လက်ဖျတ်လတ်သောသဘော၊ လန်းလန်းလတ်လတ်သဘော၊ လှုပ်ရှားသောသဘောဖြစ်သည်။ ထို့ကြောင့် လလကို လတ်လတ်၊ လန်းလန်း၊ လန့်လန့်တို့အနက်နှင့် ဆက်စပ်နိုင်ပါသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းကြီးတွင် **လ** အသုံးနှင့်ပတ်သက်ပြီး ရှင်းပြရာ၌ "ထိတ်လသည်ဟူသော ဝေါဟာရ၌ကား ထိတ်လန့်သည် ဟူသော နသတ်အသံ ရွေ့၏သို့ရှိ၏။" ညှိုးလသည် ဟူသောအရာ၌လည်း နည်းတူဖြစ်သင့်၏။

ထိုတွင် "ထိတ်လန့်၏ ဟူသည်ကား ထိတ်သည် လန့်သည် အနက်မထူး။ ကြောက်ခြင်းသဘောချည်းရသင့်၏။ ညှိုးလဟူသည်၌ကား လန့်သည်ဟူသော အနက်ယူ၍ လန့်သည်ကားအကြောင်း ညှိုးသည်ကားအကျိုးဟူ၍ အကြောင်းအကျိုးယူသင့်သည်သာ ထူးကောင်း၏"ဟူ၍ ရှင်းပြခဲ့ပါသည်။

တစ်နည်းလည်း **လလ**ကို လပ်လပ်၊ လျပ်လျပ်၊ လှပ်လှပ်၊ လျှပ်လျှပ် တို့နှင့် ဆက်နွယ်၍ အနက်ဖော်သင့်၏။ လလလည်း မတည်မငြိမ် လှုပ်လှုပ်ရှားရှားအနက် လှပ်လှပ်၊ လျှပ်လျှပ်တို့လည်း မတည်မငြိမ် လှုပ်လှုပ်ရှားရှား အနက်ဖြစ်၍ တစ်သဘောတည်းဖြစ်သည်။ လပ်သည့်သဘော၊ လှပ်သည့်သဘော၊ လျှပ်သည့်သဘော၊ အပေါ်ယံသဘောလည်း ယူနိုင်သေး၏။ ထိတ်ထိတ်လလ ဟူသည်တွင် ထိတ်ထိတ်လည်း တုန်လှုပ်နက်၊ လလလည်း တုန်လှုပ်နက် ဖြစ်သည်ဟုလည်း ဆိုနိုင်ပေ၏။ တုန်လှုပ်သည် ဆိုသည်လည်း ချောက်ချားသည်၊ ကြောက်လန့်သည် အတူတည်း။

တလလ လုပ်သည်ဟူသော ဝေါဟာရကား အလုပ်အကိုင်မည်မည်ရရ ပင်ပင်ပန်းပန်း မလုပ်ဘဲ ကြော့ကြော့မော့မော့ ဝတ်စား၍ သွားလာနေထိုင်သည်ဟု ဆိုလိုသည်။ လှလှပပဝတ်စားပြီး တလှုပ်လှုပ်၊ တလျှပ်လျှပ် သွားလာလှုပ်ရှားသည့် သဘောဖြစ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "တလလ ပြုသည်ဟူသော ဝေါဟာရကား မိမိကိုယ်ကို တကျင်းကျင်း တသသပြုသည်ဟူသော အနက်တည်း"ဟု ရှင်းပြမိန့်ဆိုခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များမှ ကျောင်းသား ကျောင်းသူများအတွက် (ဒုတိယအကြိမ်)ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များမှ အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၄၄၆ ဦးအတွက် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မော်လမြိုင်တက္ကသိုလ်နှင့် မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၂၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိပြီး အဝေးသင်တက္ကသိုလ် ဒုတိယအသုတ်ဝိဇ္ဇာတွဲ ဘာသာရပ်စာမေးပွဲများ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်း၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သင်ကြားသင်ယူမှုနည်းစနစ်များနှင့် ပရောဂျက်အခြေပြုသင်ကြားရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို မေးမြန်းဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာန၏ မူဝါဒများကို ရှင်းလင်းပြောကြားကာ ပါမောက္ခများ ထမ်းဆောင်ရမည့်တာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြား၍ တက္ကသိုလ်စာကြည့်တိုက်နှင့် ကျောင်းပရိဝုဏ်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံကာ စာသင်ဆောင်၊ အိပ်ဆောင်များ၌ ရေ၊ မီးပြည့်စုံရေး၊ ဝိုင်ဖိုင်ရရှိရေး၊ သောက်ရေသန့်စနစ်တပ်ဆင်ရေး၊ အားကစားပစ္စည်းများ ဖြည့်ဆည်းရေး ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ကျောင်းပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီမှ နန်းစဉ်နိုင်ငံရေးသို့ အင်ဒိုနီးရှားအစိုးရအသစ်နှင့် ရှေ့အလားအလာ

ကိုကိုလှိုင်

**နိဒါန်း**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် အကြီးဆုံးနှင့် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့၏ စပ်ကြားနယ်မြေတွင် တည်ရှိသောကြောင့် အင်ဒို - ပစိဖိတ်ဒေသတွင် မဟာဗျူဟာအရ အချက်အချာကျသော နိုင်ငံလည်းဖြစ်သည်။ ပထဝီအနေအထားအရ ကျွန်းပေါင်း ၁၇၀၀၀ ဖြင့် ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံဖြစ်ပြီး ဘာသာစကား မျိုးကွဲပေါင်း ၇၁၉ မျိုးရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် တစုတစည်းတည်း နိုင်ငံတစ်ခုအဖြစ်တည်ရှိရန် မည်မျှခက်ခဲမည်ကို မှန်းဆကြည့်နိုင်ပေသည်။ ဘာသာရေးအရလည်း အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ကွန်ဖျူးရှပ်စ် စသည်ဖြင့် ယုံကြည်ကိုးကွယ်မှု မျိုးစုံလှသည်။

ထိုသို့ ကွဲပြားမှုများစွာရှိသည့် အကြားမှပင် စုစည်းညီညွတ်မှုရရှိနိုင်ရန် နိုင်ငံကို ၁၉၄၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ခေါင်းဆောင်များက အဓိကချမှတ်ဖော်ဆောင်ခဲ့သည့် လုပ်ငန်းကြီးသုံးရပ်ကို ယနေ့ထက်တိုင် လေးလေးစားစား ထိန်းသိမ်းထားကြသည်မှာ အံ့ဩဖွယ်ဟုပင် ဆိုနိုင်သည်။ ယင်းလုပ်ငန်းကြီးသုံးရပ်မှာ နိုင်ငံ၏ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးလုံးလျားလျား ပယ်ဖျက်ပစ်ခြင်းမရှိဘဲ ပြင်ဆင်ချက်များ ပြုလုပ်၍သာ ယနေ့ထက်တိုင် အသုံးပြုလျက်ရှိခြင်း၊ အင်ဒိုနီးရှားနိုင်ငံအား လူမျိုး၊ ဘာသာ၊ စကား၊ ပထဝီအနေအထား ကွဲပြားမှုများစွာ ရှိသည့်တိုင်အောင် တစ်ပြည်ထောင်နိုင်ငံ (Unitary State) အဖြစ်သာ ထူထောင်ဖွဲ့စည်းထားခြင်းနှင့် သုံးစွဲသောဘာသာစကားကိုလည်း "ဘဟာဆာ အင်ဒိုနီးရှား" ဟုခေါ်သော ရုံးသုံးဘာသာစကား တစ်မျိုးတည်းကိုသာ မသုံးစွဲမနေရ ပြဋ္ဌာန်းထားရှိပြီး လူတိုင်းတတ်မြောက်အောင် သင်ကြားထားစေခဲ့သဖြင့် နိုင်ငံသားချင်း ဆက်သွယ်ရာ၌ အခက်အခဲမရှိအောင် စီမံထားခြင်းတို့ ဖြစ်လေသည်။

ထပ်မံ၍ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ အင်ဒိုနီးရှားနိုင်ငံဖြစ်တည်လာသည့် ၁၉၄၅ ခုနှစ်မှ ယနေ့ကာလတိုင်အောင် နှစ်ပေါင်း ၈၀ နီးပါးရှိပြီဖြစ်သည့်တိုင်အောင် နိုင်ငံခေါင်းဆောင် သမ္မတရာထူး တာဝန်ထမ်းဆောင်သူများမှာ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် သမ္မတ ပရာဘိုဝို ဆူဗျန်တို အပါအဝင်မှ ရှစ်ဦးမျှသာ ရှိနေသေးခြင်းဖြစ်၏။

> ❝နိုင်ငံရေးအင်အားစုအားလုံး ကျေနပ်လက်ခံနိုင်သည့် နိုင်ငံရေးစနစ်မျိုးကို ရှာဖွေထုတ်ဖော်ချမှတ်နိုင်ရန်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ ထို့ကြောင့် ဆူကာနိုက အင်ဒိုနီးရှားနိုင်ငံ စတင်ထူထောင်ချိန်တွင် "နိုင်ငံရေးပဉ္စသီလ"(Pantjasila)ဟု ထင်ရှားသော မူငါးချက်ကို ကြေညာခဲ့သည်။ ယင်းပဉ္စသီလငါးချက်မှာ တစ်ဆူတည်းသော ဘုရားသခင်ကို ယုံကြည်ခြင်း၊ တရားမျှတ၍ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၊ အင်ဒိုနီးရှား အမျိုးသားစည်းလုံးညီညွတ်မှု၊ ဆွေးနွေးညှိနှိုင်းမှုဖြင့် ဒီမိုကရေစီတည်ဆောက်ခြင်းနှင့် နိုင်ငံသားအားလုံး လူမှုရေးအရ သာတူညီမျှမှုတို့ဖြစ်❞

အထက်ပါအချက်များမှာ အင်ဒိုနီးရှားနိုင်ငံရေးခေါင်းဆောင်အဆက်ဆက်၏ နိုင်ငံအုပ်ချုပ်မှုအတတ်ပညာ (Statecraft) နှင့် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ဒဿနအမြင်များကို ထင်ဟပ်လျက်ရှိပြီး နိုင်ငံရေးသိပ္ပံအမြင်ရှုထောင့်မှ လေ့လာဖို့ကောင်းလှသောအချက်များပင် ဖြစ်ပေသည်။

**အင်ဒိုနီးရှားနိုင်ငံရေးနောက်ခံ**

၁၉၄၅ ခုနှစ်တွင် ဒတ်ချ်ကိုလိုနီဘဝမှ ဂျပန်အကူအညီဖြင့် တစ်ဖက်သတ် လွတ်လပ်ရေးကြေညာကာ နိုင်ငံအဖြစ် စတင်ထူထောင်ခဲ့ချိန်မှစ၍ အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံရေးစနစ်နှင့် လမ်းစဉ်မူဝါဒအပြောင်းအလဲအမျိုးမျိုးအကြားမှ ဖြတ်သန်းလာခဲ့ရသည်။ ထိုသို့ ခေတ်အဆက်ဆက်နိုင်ငံရေးအပြောင်းအလဲများကို ကောင်းစွာသဘောပေါက်နားလည်နိုင်ရန်မှာ အင်ဒိုနီးရှားနိုင်ငံရေးတွင် ခေတ်အလိုက် အရေးပါသောနိုင်ငံရေးအင်အားစုများကို သိရှိထားရန် လိုအပ်ပေလိမ့်မည်။

နိုင်ငံဖြစ်တည်စ ကနဦးကာလတွင် အဓိကအင်အားအကြီးဆုံးအုပ်စုမှာ အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတနှင့် ဒုတိယသမ္မတဖြစ်လာကြမည့် ဆူကာနိုနှင့် ဟာတာတို့ဦးဆောင်သော အမျိုးသားရေးအင်အားစုဖြစ်သည်။ အမျိုးသားရေးအုပ်စုအပြင် အခြားအင်အားကြီးအုပ်စုမှာ ၁၉၄၂ ခုနှစ်မှစ၍ ဝင်ရောက်လာသည့် ဂျပန်တို့ အကူအညီဖြင့် အမိမြေကာကွယ်ရေးတပ်မတော်အဖြစ် ထူထောင်ခဲ့သည့် အင်ဒိုနီးရှားတပ်မတော်ဖြစ်သည်။ ယင်းတပ်မတော်သည် ၁၉၄၅ ခုနှစ် ဂျပန်တို့ စစ်ရှုံးဆုတ်ခွာချိန်တွင် ဝင်ရောက်လွှမ်းမိုးရန် ကြိုးစားခဲ့သည့် ဗြိတိသျှနှင့်ဒတ်ချ်တို့ကို တော်လှန်ခဲ့သည့် တပ်ဖွဲ့ဖြစ်ပြီး နောင်တွင် ဆူကာနိုကို ဆက်ခံသည့် သမ္မတဖြစ်လာမည့် ဗိုလ်ချုပ်ကြီး ဆူဟာတိုမှာ ဂျပန်စစ်ကျောင်းဆင်း အရာရှိတစ်ဦးဖြစ်သည်။

ထိုအင်အားစုနှစ်ခုအပြင် အင်ဒိုနီးရှား၌ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော် ကိုးကွယ်ကြသည့် အစ္စလာမ်ဘာသာရေး အင်အားစုကြီးကလည်း နိုင်ငံရေးတွင် အရေးပါသောအုပ်စုတစ်ခုဖြစ်သည်။ ထို့အပြင် ဒုတိယကမ္ဘာစစ်အပြီး၌ အင်အားတောင့်တင်းလာသည့် လက်ဝဲကွန်မြူနစ်အုပ်စုကလည်း ရှိနေပြန်သည်။

အထက်ပါ နိုင်ငံရေးအင်အားစုအားလုံး ကျေနပ်လက်ခံနိုင်သည့် နိုင်ငံရေးစနစ်မျိုးကို ရှာဖွေထုတ်ဖော်ချမှတ်နိုင်ရန်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ ထို့ကြောင့် ဆူကာနိုက အင်ဒိုနီးရှားနိုင်ငံ စတင်ထူထောင်ချိန်တွင် "နိုင်ငံရေးပဉ္စသီလ" (Pantjasila) ဟု ထင်ရှားသော မူငါးချက်ကို ကြေညာခဲ့သည်။ ယင်းပဉ္စသီလငါးချက်မှာ တစ်ဆူတည်းသော ဘုရားသခင်ကို ယုံကြည်ခြင်း၊ တရားမျှတ၍ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၊ အင်ဒိုနီးရှား အမျိုးသားစည်းလုံးညီညွတ်မှု၊ ဆွေးနွေးညှိနှိုင်းမှုဖြင့် ဒီမိုကရေစီတည်ဆောက်ခြင်းနှင့် နိုင်ငံသားအားလုံး လူမှုရေးအရ သာတူညီမျှမှုတို့ဖြစ်သည်။

နိုင်ငံရေးအရ ကိုယ်ပိုင်ရပ်တည်မှုစတင်ခဲ့သည့် ၁၉၅၀ ပြည့်လွန်နှစ်များတွင် အင်ဒိုနီးရှားနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ ထိုကာလမှာ ကမ္ဘာပေါ်၌ အရှေ့အုပ်စုနှင့် အနောက်အုပ်စုအကြား စစ်အေးတိုက်ပွဲ ပြင်းထန်နေခိုက်ဖြစ်၍ အင်ဒိုနီးရှားတွင်လည်း စစ်အေးတိုက်ပွဲ၏ ဂယက်ရိုက်ခတ်မှုကို ခံခဲ့ရပြီး တည်ငြိမ်မှုကင်းမဲ့နေခဲ့သည်။ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများလည်း ပေါ်ပေါက်နေခဲ့ပြီး မြေပေါ်နိုင်ငံရေး ပါတီများအကြား၌လည်း စိတ်ဝမ်းကွဲပြားမှုများနှင့် မညီမညွတ်ဖြစ်နေခဲ့ရာ မကြာခဏ အစိုးရအဖွဲ့အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ၁၉၅၉ ခုနှစ်တွင် သမ္မတဆူကာနိုက လမ်းညွှန်ဒီမိုကရေစီ(Guided Democracy)ပုံစံကို ပြန်လည်ကျင့်သုံးခဲ့လေသည်။ လမ်းညွှန်ဒီမိုကရေစီကြောင့် သမ္မတထံတွင် အာဏာပိုမိုရရှိလာသကဲ့သို့ ဆူပူသောင်းကျန်းမှုများကို နှိမ်နင်းရသဖြင့် စစ်ဘောင်ကျယ်လာကာ အင်ဒိုနီးရှားတပ်မတော်၏ အခန်းကဏ္ဍမှာလည်း ပို၍အရေးပါလာခဲ့သည်။

တန်ခိုးဩဇာကြီးမားလာသော တပ်မတော်၏ အခန်းကဏ္ဍကို ထိန်းညှိနိုင်ရန် သမ္မတဆူကာနိုသည် ထိုစဉ်က မြေပေါ်၌ တရားဝင်တည်ရှိသော အင်ဒိုနီးရှားကွန်မြူနစ်ပါတီ (PKI) ဘက်သို့ အားပြုလာခဲ့သည်။ (ဆူကာနို၏ နိုင်ငံရေးအမြင်အရ Nasakom ခေါ် မဏ္ဍိုင်ကြီးသုံးရပ်ရှိရာ- အမျိုးသားရေး၊ ဘာသာတရားနှင့် ကွန်မြူနစ်ဝါဒ- တို့ ဖြစ်သည်။) ဆူကာနို၏ လက်ဝဲယိမ်းလာမှုက အနောက်အုပ်စုခေါင်းဆောင် အမေရိကန်ကို စိုးရိမ်မှုဖြစ်လာစေခဲ့သည်။ အင်ဒိုနီးရှားတပ်မတော်နှင့် အနောက်အုပ်စုတို့ ပိုမိုနီးကပ်သွားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် တပ်မတော်အတွင်းရှိ လက်ဝဲလိုလားသူ အရာရှိတစ်စုက အင်ဒိုနီးရှားတပ်မတော်မှ ထိပ်တန်းအရာရှိကြီး ခြောက်ဦးကို ဖမ်းဆီးသတ်ဖြတ်လုပ်ကြံခဲ့ပြီး အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ ယင်းကြိုးပမ်းမှုကို မဟာဗျူဟာအထူးတပ်ဖွဲ့တပ်မှူးဖြစ်သည့် ဗိုလ်ချုပ်ကြီး ဆူဟာတိုက နှိမ်နင်းခဲ့ပြီး ဆူဟာတို၏ဩဇာ ကြီးမားလာခဲ့သည်။ ၁၉၆၅-၆၆ ခုနှစ်များအတွင်း ယင်းအာဏာသိမ်းရန် ကြိုးပမ်းမှုကို အကြောင်းပြု၍ အင်ဒိုနီးရှားကွန်မြူနစ်ပါတီဝင်များနှင့် ပါတီထောက်ခံသူများကို အင်ဒိုနီးရှားတပ်မတော်က ဦးဆောင်၍ နှိမ်နင်းချေမှုန်းခဲ့ရာ လူပေါင်း လေးသိန်းမှ တစ်သန်းအကြားသေဆုံးခဲ့သည်ဟု ဆိုသည်။ ထိုမှနောက်ပိုင်းတွင် အင်ဒိုနီးရှားကွန်မြူနစ်ပါတီမှာ နိုင်ငံရေးမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။ သမ္မတ ဆူကာနိုမှာလည်း ၁၉၆၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုထံ နိုင်ငံတော်အာဏာကို သမ္မတအမိန့်ဒီကရီဖြင့် လွှဲပြောင်းပေးခဲ့ရပြီး ၁၉၆၇ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် တရားဝင်သမ္မတအဖြစ် ခံယူခဲ့သည်။

**ဆူဟာတိုခေတ်နိုင်ငံရေး**

ဤတွင် သမ္မတ ဆူကာနို၏ ခေတ်စနစ်ဟောင်း "Old Order" (ပုံစံဟောင်း) ပြီးဆုံးသွားခဲ့ပြီး သမ္မတ ဆူဟာတို၏ ခေတ်သစ်စနစ်သစ် ပုံစံသစ်"New Order" စတင်ခဲ့လေသည်။ ဆူဟာတို၏ ပုံစံသစ်တွင် အင်ဒိုနီးရှားတပ်မတော်သည် ကာကွယ်ရေးသာမက နိုင်ငံရေးတာဝန်ကိုပါ ဝင်ရောက်ထမ်းဆောင်သည့် (Dwi-Fungsi) လုပ်ငန်းနှစ်ရပ်မူဝါဒကို ကျင့်သုံးခဲ့သည်။ နိုင်ငံရေးတွင် လူထုလူတန်းစားပေါင်းစုံပါဝင်သည့် ဂိုလ်ကာ(Golkar)ခေါ် တပ်ပေါင်းစုကို ဖန်တီးခဲ့သည်။ ပါတီစုံစနစ်ဟူသော အသွင်ကို ရယူရန်အတွက် လူနည်းစု ခရစ်ယာန်၊ ဟိန္ဒူနှင့် လူငယ်များပါဝင်သည့် PDI ခေါ် နိုင်ငံရေးပါတီတစ်ရပ်ကိုလည်း ထူထောင်ပေးခဲ့သည်။ ဆူဟာတိုခေတ် လွှတ်တော်တွင် အတိုက်အခံပါတီဟူ၍ မရှိ။ တပ်မတော် (ABRI) ကိုယ်စားလှယ်များက ကိုယ်စားလှယ် ၅၀၀ ရှိသော အောက်လွှတ်တော်တွင် ၇၅ နေရာကို ရယူထားသည်။ အစိုးရအဖွဲ့အတွင်း၌လည်း ဗဟိုမှစ၍ ရပ်ကွက်/ကျေးရွာ အဆင့်အထိ တပ်မတော်သားများ ပါဝင်နေခဲ့သည်။ ဤသို့ဖြင့် သမ္မတ ဆူဟာတို၏လက်ထက်တွင် နိုင်ငံရေးတည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သည်။

> ❝ဆူဟာတို၏ ပုံစံသစ်တွင် အင်ဒိုနီးရှားတပ်မတော်သည် ကာကွယ်ရေးသာမက နိုင်ငံရေးတာဝန်ကိုပါ ဝင်ရောက်ထမ်းဆောင်သည့် (Dwi-Fungsi) လုပ်ငန်းနှစ်ရပ်မူဝါဒကို ကျင့်သုံးခဲ့သည်။ နိုင်ငံရေးတွင် လူထုလူတန်းစားပေါင်းစုံပါဝင်သည့် ဂိုလ်ကာ (Golkar) ခေါ် တပ်ပေါင်းစုကို ဖန်တီးခဲ့သည်။ ပါတီစုံစနစ်ဟူသောအသွင်ကို ရယူရန်အတွက် လူနည်းစု ခရစ်ယာန်၊ ဟိန္ဒူနှင့် လူငယ်များပါဝင်သည့် PDI ခေါ် နိုင်ငံရေးပါတီတစ်ရပ်ကိုလည်း ထူထောင်ပေးခဲ့သည်။ ဆူဟာတိုခေတ် လွှတ်တော်တွင် အတိုက်အခံပါတီဟူ၍မရှိ။ တပ်မတော် (ABRI) ကိုယ်စားလှယ်များက ကိုယ်စားလှယ် ၅၀၀ ရှိသော အောက်လွှတ်တော်တွင် ၇၅ နေရာကို ရယူထားသည်။ အစိုးရအဖွဲ့အတွင်း၌လည်း ဗဟိုမှစ၍ ရပ်ကွက်/ကျေးရွာအဆင့်အထိ တပ်မတော်သားများ ပါဝင်နေခဲ့သည်။ ဤသို့ဖြင့် သမ္မတဆူဟာတို၏ လက်ထက်တွင် နိုင်ငံရေးတည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့❞

စာမျက်နှာ ၇ သို့ ✪

✪ စာမျက်နှာ ၆ မှ

ကာကွယ်ရေးနှင့်လုံခြုံရေးအပိုင်းတွင် အနောက်အုပ်စုအကူအညီဖြင့် သောင်းကျန်းမှု နှိမ်နင်းရေးကို ထိရောက်ပြင်းထန်စွာ အင်အားသုံးလုပ်ဆောင်ခဲ့သည်။ စီးပွားရေးအပိုင်းတွင်လည်း အမေရိကန် ဘာကလေတက္ကသိုလ်ဘွဲ့ရ စီးပွားရေးပညာရှင်များ (ဘာကလေအုပ်စု)ကို တာဝန်ပေး၍ဈေးကွက်စီးပွားရေးစနစ်ကို အထိန်းအကွပ်ဖြင့် အောင်မြင်အောင် ဖော်ဆောင်နိုင်ခဲ့သည်။ ဆူဟာတိုလက်ထက်တွင် အင်ဒိုနီးရှားနိုင်ငံသည် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ခဲ့ပြီး စီးပွားရေးကောင်းမွန်လာခဲ့သည်။ (စီးပွားရေးကောင်းမွန်လာမှုနှင့်အတူ အကျင့်ပျက်ခြစားမှုကလည်း ကျယ်ပြန့်လာခဲ့လေသည်။)

သို့ရာတွင် ၁၉၉၀ ပြည့်လွန်နှစ်များ၌ စစ်အေးတိုက်ပွဲပြီးဆုံးသွားခဲ့ပြီးနောက် ဂလိုဘယ်လိုက်ဖေးရှင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုစံနှုန်းတန်ဖိုးများ ထိုးဖောက်စိမ့်ဝင်ပျံ့နှံ့လာခြင်း၊ ၁၉၉၇ ခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုနှင့် အရှေ့တောင်အာရှ စီးပွားပျက်ကပ်တို့ကို တစ်ဆက်တည်း ခံစားခဲ့ရမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ အနှံ့အပြား၌ စီးပွားရေးအကျပ်အတည်းပြင်းထန်စွာ ခံစားခဲ့ရခြင်းတို့ ပေါင်းစပ်ကာ နိုင်ငံရေးမတည်ငြိမ်မှုများ ပြင်းထန်စွာဖြစ်ပေါ်လာခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် သမ္မတဆူဟာတို အာဏာ လက်လွှတ်လိုက်ရစေသည်။ Reformasi (ရီဖော်မာစီ) ခေါ် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု ပေါ်ပေါက်လာခဲ့တော့သည်။

**ရီဖော်မာစီ ပြုပြင်ပြောင်းလဲရေး**

နှစ်ပေါင်း ၃၀ ကျော် အာဏာရယူထားသည့် သမ္မတ ဆူဟာတိုခေတ် ကုန်ဆုံးသွားပြီးနောက် တည်ငြိမ်နေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံရေးကို ပုံစံသစ်တစ်ခုအဖြစ် ဒီမိုကရေစီသို့ ဦးတည်ပြုပြင်ပြောင်းလဲရာတွင် အောင်မြင်မှုများရှိခဲ့သလို မတည်ငြိမ်မှုများလည်း ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့လေသည်။ ထူးခြားသောအောင်မြင်မှုမှာ အင်ဒိုနီးရှားတပ်မတော် (ယခု အခါ TNI အဖြစ် ပြောင်းလဲဖွဲ့စည်းထား)သည် နိုင်ငံရေးကဏ္ဍမှ အေးချမ်းစွာစွန့်လွှတ် ဆုတ်ခွာပေးခဲ့ခြင်းဖြစ်သည်။ အပြန်အလှန်အဖြစ် အင်ဒိုနီးရှားနိုင်ငံရေးခေါင်းဆောင်များကလည်း အင်ဒိုနီးရှားတပ်မတော်ကို အစစအရာရာ လိုလေသေးမရှိအောင် ပံ့ပိုးထောက်ပံ့ပေးခဲ့သည်။

မတည်ငြိမ်မှုများမှာမူ နိုင်ငံရေးအင်အားစုပါတီများအကြား အားပြိုင်မှုပြင်းထန်လာခဲ့ခြင်းကြောင့်ဖြစ်၏။ အဓိကအားဖြင့် အမျိုးသားရေးအင်အားစု၊ အစ္စလမ္မစ်ဘာသာရေးအုပ်စုနှင့် ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးအုပ်စုတို့အကြား အားပြိုင်မှုဖြစ်သည်။

ဂိုလ်ကာပါတီဦးဆောင်သော အမျိုးသားရေးအုပ်စုသည် လူထုအုံကြွမှုကြောင့် အာဏာစွန့်လွှတ်လိုက်ရလင့်ကစား နိုင်ငံအုပ်ချုပ်ရေးအတွေ့အကြုံနှင့် နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက်ထားသော ပါတီ၏ အင်အားတို့ကြောင့် အားကြီးနေဆဲဖြစ်၏။ သမ္မတ ဆူဟာတိုက ဂိုလ်ကာကိုအားပြု၍ နိုင်ငံရေးအာဏာကို အဆင်ပြေချောမွေ့စွာ လွှဲပြောင်းနိုင်ရေးအတွက် သူ၏ ဒုတိယသမ္မတဖြစ်သူ ဟာဘီဘီကို ကြားဖြတ်သမ္မတအဖြစ် လက်လွှဲပေးခဲ့သော်လည်း နိုင်ငံရေးလှိုင်းတံပိုးက ပြင်းထန်လှသောကြောင့် ဟာဘီဘီသည် တစ်နှစ်အတွင်းမှာပင် ရာထူးမှ ဆင်းပေးခဲ့ရပြီး ၁၉၉၉ ခုနှစ်တွင် ဘာသာရေးအုပ်စုမှ အဗ္ဗဒူရာမန်ဝါဟစ် (ခေါ်) ဂူစ်ဒူး တက်လာခဲ့သည်။ အသက်အရွယ်ကြီးရင့်ပြီး မျက်စိမမြင်သော ဝါဟစ်သည်လည်း နိုင်ငံကို အုပ်ချုပ်နိုင်စွမ်းမရှိသဖြင့် ၂၀၀၁ ခုနှစ်တွင် သမ္မတဟောင်း ဆူကာနို၏ သမီး PDI-P ခေါင်းဆောင် မီဂါဝတီ ဆူကာနိုပူထရီကို လွှဲပြောင်းပေးလိုက်ရပြန်သည်။ မီဂါဝတီ၏ PDI-P မှာ လူထုအုံကြွဆူပူမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီး မီဂါဝတီကိုယ်တိုင်မှာလည်း နိုင်ငံဖခင်ကြီး၏ သမီးဖြစ်၍ အများက အထင်ကြီးမျှော်လင့်ခဲ့ကြသော်လည်း မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ပေ။ မီဂါဝတီ၏ လက်ထက်တွင် ဆူမတြားမြောက်ဘက် အာချေးဒေသမှ ခွဲထွက်ရေး လက်နက်ကိုင်သောင်းကျန်းမှုမှာ အရှိန်ပြင်းထန်လာခဲ့သည်။ အစ္စလမ္မစ်အစွန်းရောက် အကြမ်းဖက်အုပ်စုများက လူ ၂၀၀ ကျော် သေဆုံးသော ဘာလီ ညကလပ်ဗုံးခွဲမှုအပါအဝင် အကြမ်းဖက်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ စီးပွားရေးမှာလည်း ကျဆင်းနေခဲ့သည့်အပြင် မီဂါဝတီအစိုးရမှာလည်း အကျင့်ပျက်ခြစားမှုများနှင့် နာမည်ပျက်နေသည့်အတွက် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သူ၏ အစိုးရအဖွဲ့အတွင်းမှ လုံခြုံရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီး ဆူစီလို ဘန်ဘန်း ယူဒိုယိုနိုကို ရှုံးနိမ့်သွားခဲ့ရသည်။

SBY ဟု အတိုကောက် ခေါ်ဝေါ်ကြသည့် သမ္မတ ယူဒိုယိုနိုသည် အင်ဒိုနီးရှားနိုင်ငံ သမိုင်းတွင် ပထမဆုံး လွတ်လပ်စွာယှဉ်ပြိုင်သည့် သမ္မတ ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတဖြစ်သည်။ SBY အနေဖြင့် အာချေးဒေသတွင် ၂၀၀၄ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် ဆူနာမီရေဘေးကို အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်သကဲ့သို့ အာချေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း အောင်မြင်စွာ အဆုံးသတ်ပေးနိုင်ခဲ့သည်။ နိုင်ငံစီးပွားရေးကိုလည်း အောင်မြင်စွာပြန်လည်ဆွဲတင်ပေးနိုင်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုကိုလည်း ထိန်းသိမ်းပေးနိုင်ခဲ့သည်။ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်အောင် တည်ဆောက်ပေးခဲ့သည်။ SBY သည် အင်ဒိုနီးရှားဒီမိုကရေစီခေတ်ဦးတွင် သမ္မတ သက်တမ်း ၅ နှစ် နှစ်ဆက်၊ ၁၀ နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ရသော ရွေးကောက်ခံသမ္မတဖြစ်ခဲ့သည်။

**သမ္မတ ဂျိုကိုဝီ**

SBY ၏ သမ္မတ ၁၀ နှစ် သက်တမ်းတွင် နိုင်ငံရေးဇာတ်ဆောင်အသစ်များ စတင်ပေါ်ထွက်လာခဲ့သည်။ SBY ၏အောင်မြင်မှုကို အားကျ၍ အဆင့်မြင့်အရာရှိဟောင်းများ ဖြစ်ကြသည့် ပရာဘိုဝို ဆူဗျန်တို၊ ဗိုလ်ချုပ်ကြီး ဟာတိုနို စသူတို့သည် ကိုယ်ပိုင်နိုင်ငံရေးပါတီများ ထောင်ကာ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာခဲ့ကြသည်။ အလားတူပင် အရပ်သားများထဲမှ ထင်ပေါ်လာသူမှာ ဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) ဖြစ်သည်။ မူလက အောင်မြင်သည့် ပရိဘောဂလုပ်ငန်းပိုင်ရှင်အဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သူ ဂျိုကိုဝီသည် ၂၀၀၅ ခုနှစ်တွင် မွေးဇာတိဖြစ်သည့် ဂျာဗားကျွန်းရှိ ဆူရာဘာတာမြို့ကလေး၏ မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပြီး နိုင်ငံရေးနယ်ပယ်သို့ ရောက်ရှိလာခဲ့သည်။ ဂျိုကိုဝီအနေဖြင့် နာမည်ကြီးအဆင့်မြင့် စစ်ဘက်အရာရှိဟောင်းကြီးများကဲ့သို့ နိုင်ငံရေးအသိုက်အဝန်း ကျောထောက်နောက်ခံများစွာမရှိသည့်အတွက် မီဂါဝတီ၏ PDI-P ပါတီလက်မှတ်ဖြင့် ဝင်ရောက်အရွေးခံခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဝီ၏ ရိုးဖြောင့်၍ ချိုသာစွာပြောဆိုတတ်မှု၊ အောက်ခြေလူတန်းစားများနှင့် လက်ပွန်းတတီး ရင်းနှီးစွာ ရောနှောဆက်ဆံပြီး အများပြည်သူတို့၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းတတ်မှုကြောင့် မြို့နေလူထုက ဂျိုကိုဝီကို များစွာသဘောကျ ထောက်ခံခဲ့ကြပြီး ဒုတိယအကြိမ် မြို့တော်ဝန် ရွေးကောက်ပွဲ၌ အပြတ်အသတ် အနိုင်ရခဲ့ပြန်သည်။ ထို့အပြင် မီဒီယာခေတ်ဖြစ်၍ ဂျိုကိုဝီ၏ ဂုဏ်သတင်းမှာ ပျံ့နှံ့သွားခဲ့ပြီး နိုင်ငံအတွင်း/အပြင်တို့၌ လူသိများလာသည်။ ကမ္ဘာ့အထူးချွန်ဆုံး မြို့တော်ဝန်စာရင်း၌ တတိယနေရာ ရရှိခဲ့သည်။ PDI-P ပါတီကလည်း ဂျိုကိုဝီကို ထင်ပေါ်၍ စင်တော်ကောက်ခဲ့လေရာ ၂၀၁၂ ခုနှစ် ဂျာကာတာ မြို့တော်ဝန် ရွေးကောက်ပွဲ၌ ပါတီ၏ ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ ဇာတာစန်းလင်္ဂတက်လာသည့် ဂျိုကိုဝီသည် ဂျာကာတာမြို့တော်ဝန်ရွေးကောက်ပွဲ၌လည်း အနိုင်ရခဲ့ပြန်ရာ အထွတ်အထိပ်သို့ ရောက်ရှိရန် လမ်းပွင့်သွားခဲ့လေတော့သည်။

၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် SBY သည် သမ္မတ သက်တမ်းနှစ်ဆက် ပြည့်သွား၍ ဆက်လက်ပါဝင်ယှဉ်ပြိုင်၍ မရတော့ပေ။ သူ၏ ဒီမိုကရေစီပါတီ PD မှာလည်း အကျင့်ပျက်ခြစားမှု အပုပ်နံ့များကြောင့် ပါလီမန်ရွေးကောက်ပွဲ၌ အခြေအနေမကောင်းတော့ဘဲ လူကြိုက်နည်းလာသည်။ သို့ဖြစ်ရာ ၂၀၁၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် အဓိက ပြိုင်ဘက်နှစ်ပါတီအဖြစ် ဂျိုကိုဝီကိုသမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သော PDI-P ပါတီနှင့် ပရာဘိုဝို၏ ဂျယ်ရင်ဒရာ(Gerindra) (Great Indonesia Movement) ပါတီတို့သာ ပေါ်ထွက်ခဲ့သည်။ ထိုပြိုင်ပွဲ၌ အကျင့်ပျက်ခြစားမှု သတင်းဆိုးမရှိဘဲ လူချစ်လူခင်များပြားသူ ဂျိုကိုဝီအား ယခင်သမ္မတဟောင်း ဆူဟာတို၏ သမက်ဖြစ်ပြီး တပ်မတော်၌ တာဝန်ထမ်းဆောင်စဉ်က အရှေ့တီမောတွင် ဆန္ဒပြကျောင်းသားများကိုပစ်ခတ်ရန် အမိန့်ပေးခဲ့မှုကြောင့် နာမည်ပျက်ရှိခဲ့သော ပရာဘိုဝိုက မယှဉ်နိုင်ဘဲ အရေးနိမ့်သွားခဲ့သည်။

ရိုးဂုဏ်တစ်ခုဖြင့် တောနယ်ကျေးလက်မှ သမ္မတအဆင့် တက်ဖြစ်လာသူ ဂျိုကိုဝီအနေဖြင့် ကျယ်ပြန့်ရှုပ်ထွေးလှသော သမ္မတတာဝန်များကို ထမ်းဆောင်ရန်မှာ လိုအပ်ချက်များစွာရှိခဲ့သည်။ ထို့အပြင် လွှတ်တော်အတွင်း၌လည်း ပရာဘိုဝို၏ ဂျယ်ရင်ဒရာပါတီ (တပ်မတော်အင်အားစု)၊ အစဉ်အလာရှိခဲ့သော ဂိုလ်ကာ(အုပ်စု)နှင့် PPP(အစ္စလမ္မစ်အုပ်စု)တို့ စုပေါင်း၍ သမ္မတဂျိုကိုဝီ၏ အာဏာရ (PDI-P) ပါတီထက်ပို၍ အင်အားတောင့်တင်းနေခြင်းကိုလည်း ရင်ဆိုင်ခဲ့ရသည်။ စင်စစ်၌ PDI-P ပါတီသည်ပင်လျှင် ဂျိုကိုဝီ၏ ကိုယ်ပိုင်ပါတီ မဟုတ်ပေ။ သမ္မတဟောင်း ဆူကာနို၏သမီး မီဂါဝတီ၏ ပါတီဖြစ်သည်။ မီဂါဝတီအနေဖြင့် ဂျိုကိုဝီကို စင်တင်ပေးခဲ့သည့်တိုင်အောင် သူ၏ PDI-P ပါတီကိုမူ ဂျိုကိုဝီလက်ထဲသို့ ထိုးအပ်လိုခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ပါတီခေါင်းဆောင် မီဂါဝတီနှင့် သမ္မတ ဂျိုကိုဝီတို့အကြား ဆက်ဆံရေးမှာ များစွာနွေးထွေးခြင်းမရှိခဲ့ပေ။

သို့ဖြစ်ရာ သမ္မတ ဂျိုကိုဝီအနေဖြင့် သူ၏ လူကြိုက်များမှုနှင့် လူထုထောက်ခံမှုကို အားပြု၍ နိုင်ငံရေးကွန်ရက်၊ အဆက်အသွယ်၊ ခြေကုပ်များကို ထူထောင်ခဲ့ရသည်။ သူ၏ အစိုးရအဖွဲ့အတွင်း အရေးပါသော ဘဏ္ဍာရေး၊ စီးပွားရေးဆိုင်ရာ နေရာဌာနများတွင် ကျွမ်းကျင်သူ တက္ကနိုခရက်များကို တာဝန်ပေးခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးနေရာတွင် ဝါရင့် သံတမန်တစ်ဦးဖြစ်ပြီး အထူးသဖြင့် အနောက်အုပ်စုနိုင်ငံများနှင့် ရင်းနှီးကျွမ်းဝင်သော ရက်တနိုမာဆူဒီအား ခန့်အပ်ခဲ့သည်။ စစ်ဘက်ကျောထောက်နောက်ခံမရှိခဲ့သော ဂျိုကိုဝီသည် အရပ်ဘက် - စစ်ဘက်ဆက်ဆံရေး ကောင်းမွန်ပြေလည်စေရေးအတွက် ကာကွယ်ရေး၊ လုံခြုံရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် စစ်ဘက်အရာရှိကြီးများကိုသာ လွှဲအပ်တာဝန်ပေးခဲ့သည်။ ဂျိုကိုဝီ၏ ပထမအစိုးရသက်တမ်း (၂၀၁၄-၂၀၁၉) ၌ ကာကွယ်ရေးဝန်ကြီးမှာ ယခင် အင်ဒိုနီးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဟောင်း ရီယာမီဇတ် ရီယာကူဒူးဖြစ်ပြီး ဒုတိယအစိုးရသက်တမ်း (၂၀၁၉-၂၀၂၄) တွင် ယင်း၏နိုင်ငံရေးပြိုင်ဘက်ဖြစ်သူ ပရာဘိုဝို ဆူဗျန်တိုဖြစ်သည်။ ထို့အပြင် အင်ဒိုနီးရှားတပ်မတော်အတွင်း၌ သြဇာရှိသူ အရာရှိကြီးများ၏ အဆက်အနွယ်များကိုလည်း နေရာပေးမြှောက်စားခဲ့၏။ ဥပမာအားဖြင့် ဂျိုကိုဝီနှင့် စီးပွားဘက်လည်းဖြစ်ခဲ့သော အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး လူဟွတ်ဘင်ဆာ ပန်ဂျိုင်တန်မှာ ဂျိုကိုဝီ၏ ဒုတိယသက်တမ်းတွင် ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံခဲ့ရပြီး လူဟွတ်၏ သမက်တော်စပ်သူမှာ သမ္မတ၏ လုံခြုံရေးတပ်ဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အင်ဒိုနီးရှားအမျိုးသားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဟန်ဒရို (ငြိမ်း)၏ သမက်ဖြစ်သူ ဗိုလ်ချုပ်ကြီး အန်ဒီကာ ပါကာဆာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

စင်စစ်၌ ဂျိုကိုဝီ၏ ဒုတိယသက်တမ်း ရွေးကောက်ပွဲတွင် အဓိက ပြိုင်ဘက်ဖြစ်ခဲ့သော ဗိုလ်ချုပ်ပရာဘိုဝို (ငြိမ်း)ကို ဒုတိယသက်တမ်းကာလတွင် ကာကွယ်ရေးဝန်ကြီး ရာထူးပေးခဲ့ခြင်းမှာ ဂျိုကိုဝီ၏ နိုင်ငံရေးအရင်းအနှီးစုဆောင်းသည့် ရွှေ့ကွက်တစ်ခုဟု ဆိုနိုင်သည်။ ပရာဘိုဝိုသည် နန်းစဉ်နိုင်ငံရေးအရ သမ္မတဟောင်း ဆူဟာတို၏ သမက်ဖြစ်ခဲ့ပြီး စစ်ဘက်ကျောထောက်နောက်ခံရှိသူလည်း ဖြစ်သည်။ ထို့အပြင် အစ္စလမ္မစ်အဖွဲ့ချုပ် (OIC) မှ အဓိက အာရပ်နိုင်ငံများနှင့်လည်း ခင်မင်ရင်းနှီးသူဖြစ်သည်။ လစ်ဘရယ်ဆန်သော ဂျိုကိုဝီနှင့် OIC နိုင်ငံများ၏ဆက်ဆံရေးမှာ ပရာဘိုဝိုလောက် နွေးထွေးမှုမရှိလှပေ။ သို့ဖြစ်၍ ပရာဘိုဝိုကို အိတ်ထဲသို့ ထည့်လိုက်ခြင်းမှာ ဂျိုကိုဝီအတွက် ကြီးမားသောနိုင်ငံရေးအမြတ်ထွက်မှု ဖြစ်လေသည်။

> **ဂျိုကိုဝီ၏ရိုးဖြောင့်၍ ချိုသာစွာပြောဆိုတတ်မှု၊ အောက်ခြေလူတန်းစားများနှင့် လက်ပွန်းတတီး ရင်းနှီးစွာရောနှောဆက်ဆံပြီး အများပြည်သူတို့၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းတတ်မှုကြောင့် မြို့နေလူထုက ဂျိုကိုဝီကို များစွာသဘောကျ ထောက်ခံခဲ့ကြပြီး ဒုတိယအကြိမ် မြို့တော်ဝန်ရွေးကောက်ပွဲ၌ အပြတ်အသတ် အနိုင်ရခဲ့ပြန်သည်။ ထို့အပြင် မီဒီယာခေတ်ဖြစ်၍ ဂျိုကိုဝီ၏ဂုဏ်သတင်းမှာ ပျံ့နှံ့သွားခဲ့ပြီး နိုင်ငံအတွင်း/အပြင်တို့၌ လူသိများလာသည်။ ကမ္ဘာ့အထူးချွန်ဆုံး မြို့တော်ဝန်စာရင်း၌ တတိယနေရာရရှိခဲ့သည်။ PDI-P ပါတီကလည်း ဂျိုကိုဝီကိုထင်ပေါ်၍ စင်တော်ကောက်ခဲ့လေရာ ၂၀၁၂ ခုနှစ် ဂျာကာတာမြို့တော်ဝန်ရွေးကောက်ပွဲ၌ ပါတီ၏ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ ဇာတာစန်းလင်္ဂတက်လာသည့် ဂျိုကိုဝီသည် ဂျာကာတာမြို့တော်ဝန် ရွေးကောက်ပွဲ၌လည်း အနိုင်ရခဲ့ပြန်ရာ အထွတ်အထိပ်သို့ရောက်ရှိရန် လမ်းပွင့်သွားခဲ့**

(ဆက်လက်ဖော်ပြပါမည်။)

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပူးတွဲပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့် မောင်မောင် “ဂုဏ်တော် ကိုးသွယ်” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အံ့ထူး (ခ) သော်ဇင်ခန့်နှင့်အဖွဲ့က ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




စောင်းအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဖြိုးစံ “မှိုင်းရိပ်ကယ်တည့်”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်နိုင်ဝင်းကိုကို “မဂ္ဂင်ရှစ်ပါး” သီချင်းဖြင့် သီဆို ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့် “မော်ရုံဟောဝန်” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




မဟာဂီတ အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင် “သီလာ ဝေယံ” (ပတ်ပျိုး)သီချင်းဖြင့် သီဆို ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နိုင်ကြည်ပြာလှိုင်း “မွှေးလွန်းသည့်ပန်း”(ကာလပေါ်)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



စောင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ မနှင်းသက်အေး “ရွှန်းရွှန်းမြ” (သီချင်းခံ) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။



အကပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုရတနာ၏ ကပြယှဉ်ပြိုင်ဟန်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ဦးဘုန်းစည်သူ (ခ) ရွှေလက်ပိုင်သူ “လေပြည်ဆော်သွင်မြူး” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသမီး) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော် “သီလာဝေယံ”(ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကေရီဖိုလ်ဖိုလ် “နွေမိုးဆောင်း” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

# ညောင်တုန်းမြို့နယ်၌ ဆီထွက်သီးနှံအထူးဇုန်များမှလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး




ပုသိမ် အောက်တိုဘာ ၂၇

ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊နေကြာ)အထူးဇုန်များမှ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဆီထွက်သီးနှံဇုန်ကြီးနှစ်ဇုန်အား ဧရာဝတီတိုင်းဒေသကြီးအတွင်း သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်က အကောင်အထည်ဖော် ဆောင်ရွက်ထားသည့်စိုက်ဧကများအား အခြေခံထားခြင်းဖြစ်ကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မြစ်ရေကြီးမှုဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးတွင် စိုက်ဧကများ ရေကြီးနစ်မြုပ်ပျက်စီးမှုများရှိခဲ့ရာ ၎င်းစိုက်ဧကများပြန်လည်ကုစားစိုက်ပျိုးနိုင်ရေးနှင့် စိုက်ဧကများ ပြည့်မီရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊နေကြာ)အထူးဇုန်များမှ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့နောက် ဆီထွက်သီးနှံအထူးဇုန်(၂) တာဝန်ခံက ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံအထူးဇုန် (ဧရာဝတီဇုန်-၂)ဧရိယာများတွင် စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်၊ အထူးဇုန်ဧရိယာအတွင်း ဆီထွက်သီးနှံမျိုးကွဲအလိုက် ဆောင်ရွက်မည့်အစီအစဉ်၊ ဆီထွက်သီးနှံဇုန်အလိုက် ရေရရှိရေးနည်းလမ်းအလိုက် ဆောင်ရွက်မည့်အစီအစဉ်နှင့် ၂၀၂၄-၂၀၂၅ ခုနှစ် ဇုန်အတွင်း မြေပဲ၊ နှမ်း၊ နေကြာ၊ စံပြကွက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆီထွက်သီးနှံအထူးဇုန်(၁)တာဝန်ခံက အထူးဇုန်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) အထူးဇုန်အား မြို့နယ်အလိုက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်နည်းစနစ်များနှင့် စမ်းသပ်ကွက်များ ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊နေကြာ) အထူးဇုန်များမှ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ အသိပညာပေးခြင်း၊ အောင်ရေရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ စံပြစိုက်ခင်းများ၊ သရုပ်ပြစိုက်ခင်းများစိုက်ပျိုး၍ တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဟင်္သာတခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း နေကြာစိုက်ပျိုးရာ၌ အထောက်အကူပြုသည့် ပျားမွေးမြူရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက တောင်သူများထံသို့ နေကြာမျိုးစေ့များပေးအပ်ခဲ့ကာ ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်း ကျေးရွာအုပ်စုနှင့် ကျိုက်စကိုင်း ကျေးရွာအုပ်စု ကွင်းအမှတ်(၇၂၈-၇၂၉)၌ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် စနစ်ကျလယ်မြေ ၃၃၀ ဒသမ ၇၉ ဧကဖော်ထုတ်မည့် မြေနေရာအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများကို နိုင်ငံတစ်ဝန်း တိုးတက်ပေါ်ထွန်းလာစေခြင်းဖြင့် လယ်ယာကဏ္ဍ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ပြီး တစ်ဆက်တည်း ထွန်ယက် စိုက်ပျိုးနိုင်သော လယ်ကွက်ကျယ်များ ဖြစ်ထွန်းလာမည်ဖြစ်ပြီး ရေသွင်းရေထုတ် လွယ်ကူခြင်းကြောင့် အထွက်တိုး မျိုးကောင်း၊ မျိုးသန့်များ၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြုစိုက်ပျိုးနိုင်ခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းများ ပါဝင်သော စနစ်ကျလယ်ကွက်များ ဖော်ထုတ်ခြင်းကြောင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေပြီး အရည်အသွေးကောင်း လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ စနစ်ကျလယ်ကွက်များတွင် လယ်ယာသုံးစက်ကိရိယာများ အချိန်မရွေး၊ ရာသီမရွေး ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် တစ်သီးမှ နှစ်သီး၊ သုံးသီးအထိ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုက်ကြီးမြို့နယ် စမ်းရွာအနီး ဥက္ကံချောင်းပေါ်၌ တည်ဆောက်ထားသည့် တာဘူးလှ(ဥက္ကံ) ရေလွှဲဆည်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလွှဲဆည်၊ ရေတံခါးများ ကြံ့ခိုင်ရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် အထူးအလေးထား ဆောင်ရွက်ကြရန်၊ သုံးသီးစိုက်ဧကများ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် မြေနေရာရွေးချယ်ခြင်း၊ ထွန်ယက်ခြင်း၊ မျိုးစေ့ရရှိနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်နှင့် စိုက်ပျိုးရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်နှစ်စီး တောင်သူလက်ဝယ်သို့ ပေးအပ်

မင်းဘူး အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက လက်ငင်းစနစ်ဖြင့် ဝယ်ယူဖြန့်ဖြူးရောင်းချပေးခဲ့သော စပါးရိတ်သိမ်းခြွေလှေ့စက် နှစ်စီးကို တောင်သူလက်ဝယ်သို့ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မင်းဘူးမြို့ အမှတ်(၈)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

**လွှဲပြောင်းပေးအပ်**

ထိုသို့ပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မွန်က ဒေသတွင်း စက်မှုလယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ နှစ်စဉ်ကြုံတွေ့နေရသည့် လုပ်သားရှားပါးမှု၊ ရာသီဥတုဖောက်ပြန်မှုများကို ဖြေရှင်းပြီး စိုက်ပျိုးသီးနှံများအား အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ရန်အတွက် ဦးစီးဌာနက လက်ငင်းစနစ်ဖြင့် ယခုလို ဝယ်ယူဖြန့်ဖြူးရောင်းချပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက စာချုပ်စာတမ်း အထောက်အထားများနှင့် စပါးရိတ်သိမ်း ခြွေလှေ့စက် နှစ်စီးကို ဒေသခံတောင်သူနှစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြု လယ်ယာသုံးစက်ကိရိယာများကို ဒေသခံတောင်သူများ စိတ်ကြိုက်ဝယ်ယူလိုသည့် စက်ပစ္စည်းအမျိုးအစားအလိုက် နှစ်စဉ်ဝယ်ယူပေးလျက်ရှိရာ ယခင်နှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ ယခုနှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဦးစီးဌာနမှလက်ငင်းစနစ်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက် နှစ်စီးကို ဒေသခံတောင်သူများအတွက် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ရေနံချောင်းမြို့နယ်၌ ဆောင်းရာသီတွင် မြေပဲ ၁၇၇၂ ဧက လျာထားစိုက်ပျိုးမည်



မကွေး အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံမြေပဲ ၁၇၇၂ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပုံမှန်ဝယ်လက်ရှိ**

ရေနံချောင်းမြို့နယ်တွင် ဆီထွက်သီးနှံမြေပဲကို ရာသီဥတု အခြေအနေကိုကြည့်၍ မိုး၊ ဆောင်းရာသီ၌ အဓိကစိုက်ပျိုးကြကာ တောင်သူများ၏ စားသုံးဆီဖူလုံခြင်း၊ ဈေးကွက်၌ဆီစက်များနှင့် မုန့်လုပ်ငန်းများက ဝယ်ယူသည့်အပြင် ပြည်ပသို့တင်ပို့ရခြင်းကြောင့် ပုံမှန်ဝယ်လက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဆောင်းသီးနှံမြေပဲ ၁၇၇၂ ဧကလျာထား စိုက်ပျိုးသွားမည်ဖြစ်ပြီး၂၀၂၄-၂၀၂၅ ခုနှစ် တစ်နှစ်ပတ်လုံး စိုက်ပျိုးမှုတွင် ယနေ့အထိ မြေပဲ ၆၇၂၈၅ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# တရားမဝင်ကုန်သွယ်မှု၏ ပုံစံများနှင့် ထိခိုက်နစ်နာမှုများ

အလင်းရောင်







မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**တရားမဝင်ကုန်သွယ်မှုပုံစံများ**

တရားမဝင်ကုန်သွယ်မှုများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို မဖြစ်မနေတားဆီးကာကွယ်ကြရမည်ဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုဆောင်ရွက်သည့် ပုံစံများစွာရှိသည့်အနက် ယေဘုယျအားဖြင့် အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည် –

(က) တရားမဝင် မှောင်ခိုကုန်သွယ်ခြင်း (Smuggling)

( ခ ) ပစ္စည်းအတုအပ ပြုလုပ်/တင်သွင်းခြင်း (Counterfeit)

( ဂ ) တရားမဝင်နှင့် တရားဝင်ကုန်သွယ်မှု အပြိုင်ဆောင်ရွက်ခြင်း (Parallel Trade)

(ဃ) သွင်းကုန် ကျသင့်ငွေတန်ဖိုးအောက်ဖော်ပြ၍ ကုန်သွယ်ခြင်း (Under Value)

တရားမဝင်ကုန်သွယ်မှုများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက ၆၀ ရာခိုင်နှုန်းခန့်မှာ မှောင်ခိုကုန်သွယ်မှုဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်မှာ ကျသင့်တန်ဖိုးအောက်ဖော်ပြကုန်သွယ်မှုနှင့် ၁၀ ရာခိုင်နှုန်းမှာ တရားဝင်/တရားမဝင် အပြိုင်တင်သွင်းမှုတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အာဆီယံနှင့် တရားမဝင်ကုန်သွယ်မှု**

တရားမဝင်ကုန်သွယ်မှုများသည် အာဆီယံနှင့် ကမ္ဘာတစ်ဝန်းရှိ ကဏ္ဍအားလုံးနီးပါးအပေါ် သက်ရောက်မှုကြီးမားသော ကိစ္စရပ်တစ်ခုဖြစ်ပါသည်။ အာဆီယံတွင် တရားမဝင်ကုန်သွယ်မှုများ မြင့်တက်လာခြင်းကြောင့် အစိုးရများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများကို ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ၊ လူ့အသက်များနှင့် လူ့အခွင့်အရေးတို့ကို သိသိသာသာထိခိုက်စေကြောင်း လေ့လာမှုများအရ တွေ့ရှိရပါသည်။ အာဆီယံအတွင်း တရားမဝင်ကုန်သွယ်မှုကြောင့် ထိခိုက်နစ်နာရသည့် အဓိကကဏ္ဍများမှာ ဆေးလိပ်၊ အရက်၊ အဖျော်ယမကာ၊ အရုပ်နှင့် ကစားစရာဂိမ်းများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ဆေးဝါး၊ စိုက်ပျိုးရေးဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများ၊ မူပိုင်ခွင့် ခိုးကူးခြင်းများအစရှိသည်တို့ ဖြစ်ပါသည်။ ထို့အပြင် e-Commerce လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်တင်သွင်းမှုများတွင် ပါဆယ်ထုပ်ငယ်များ၊ အွန်လိုင်းဈေးဝယ်ယူမှုများကြောင့်လည်း တရားမဝင်ကုန်သွယ်မှုများ တိုးပွားလာခြင်းကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံနှင့် တရားမဝင်ကုန်သွယ်မှု**

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်တွင် အကောင်းဆုံးဟု သတ်မှတ်ထားသည့် ကျောက်စိမ်းများ အဓိကထွက်ရှိရာနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းများနှင့်ပတ်သက်၍ နိုင်ငံတကာ NGO အဖွဲ့တစ်ခုဖြစ်သည့် Global Witness အဖွဲ့၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ တရားမဝင်တင်ပို့နေခြင်းများဖြစ်၍ နိုင်ငံတော်၏ အခွန်ဝင်ငွေများ များစွာဆုံးရှုံးလျက်ရှိကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် တရားမဝင် သစ်ခိုးထုတ်ခြင်း၊ စံချိန်စံညွှန်း အရည်အသွေးပြည့်ဝခြင်းမရှိသည့် ကုန်ပစ္စည်းများ၊ ဆေးဝါးအတု သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများနှင့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်းများလည်း ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ တရားမဝင်ကုန်သွယ်မှုများကို ကုန်ပစ္စည်းအုပ်စုအလိုက် ခွဲခြမ်းစိတ်ဖြာကြည့်ပါက ပို့ကုန်ကဏ္ဍတွင် တွင်းထွက်သတ္တုရိုင်းများ၊ သတ္တုအမျိုးမျိုး၊ အဖိုးတန်သတ္တုများနှင့် ရှားပါးဒြပ်စင်များဖြစ်ပြီး သွင်းကုန်ကဏ္ဍတွင် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ချည်မျှင်နှင့် အဝတ်အထည်များ၊ စက်ယန္တရားများ၊ စက်ပစ္စည်းများနှင့် အခြားကုန်စည်အမျိုးမျိုးတို့ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုစာရင်းဇယားများ နှိုင်းယှဉ်ကြည့်ခြင်း**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကိစ္စရပ်များကို ဆောင်ရွက်နေသည့် ကုန်သည်လုပ်ငန်းရှင်များနှင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တင်ပြချက်အစီရင်ခံစာများအရ မြန်မာနိုင်ငံ၏ တရားဝင်ကုန်သွယ်မှုစာရင်းနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ စာရင်းဇယားများ နှိုင်းယှဉ်မှုတွင် ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃၉ ဘီလီယံနှင့် သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၁ ဘီလီယံ ကွာခြားခြင်းဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏ ကွာခြားချက်အနေဖြင့် ၁၁ ဒသမ ၉၄၉ ဘီလီယံ ကွာခြားနေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကိန်းဂဏန်းများနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုကိန်းဂဏန်းကွာခြားချက်မှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၄၃ ဘီလီယံ ကွာခြားကြောင်း တွေ့ရှိရ၍ ယင်းကွာခြားချက်ပမာဏများသည် တရားမဝင်ကုန်သွယ်မှုပမာဏများဖြစ်နိုင်ကြောင်း ယေဘုယျအားဖြင့် သုံးသပ်ရရှိနိုင်ပါသည်။

**တရားမဝင်ကုန်သွယ်မှုများကြောင့် ထိခိုက်နစ်နာမှုများ**

အထက်ပါ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် အခွန်ငွေနစ်နာမှု၊ နိုင်ငံခြားအရန်ငွေဆုံးရှုံးမှု၊ စာရင်းအင်းအချက်အလက်များ မှားယွင်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ်ထိခိုက်မှု၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှု၊ စားသုံးသူပြည်သူများအပေါ် ထိခိုက်နစ်နာမှုနှင့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT) က ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုဈေးကွက်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံခန့်ရှိပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်းနှင့် အာဆီယံနိုင်ငံများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရာတွင် အောက်ပါအချက်များကို အလေးထားဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည် –

(က) တရားဥပဒေစိုးမိုးရေး အားကောင်းအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊

( ခ ) အကောက်ခွန်ဝန်းကျင်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း၊

( ဂ ) သန့်ရှင်းသော ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) အမြန်ချောပို့နှင့် စာတိုက်ကဏ္ဍတွင် တရားမဝင်ကုန်သွယ်မှုကို ကိုင်တွယ်ဖြေရှင်းခြင်း၊

( င ) တရားမဝင်ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်များ မြှင့်တင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများအပေါ် ခြိမ်းခြောက်လျက်ရှိသည့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရန်အတွက် သက်ဆိုင်ရာဌာနများ အပါအဝင် Stakeholders အားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ စဉ်ဆက်မပြတ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော် ရေးသားတင်ပြလိုက်ရပါသည်။ ။

❝ တရားမဝင်ကုန်သွယ်မှုများသည် အာဆီယံနှင့် ကမ္ဘာတစ်ဝန်းရှိ ကဏ္ဍအားလုံးနီးပါးအပေါ် သက်ရောက်မှုကြီးမားသောကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ အာဆီယံတွင် တရားမဝင်ကုန်သွယ်မှုများ မြင့်တက်လာခြင်းကြောင့် အစိုးရများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများကို ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ၊ လူ့အသက်များနှင့် လူ့အခွင့်အရေးတို့ကို သိသိသာသာထိခိုက်စေကြောင်း လေ့လာမှုများအရ တွေ့ရှိရပါသည်။ အာဆီယံအတွင်း တရားမဝင်ကုန်သွယ်မှုကြောင့် ထိခိုက်နစ်နာရသည့် အဓိက ကဏ္ဍများမှာ ဆေးလိပ်၊ အရက်၊ အဖျော်ယမကာ၊ အရုပ်နှင့် ကစားစရာဂိမ်းများ၊ မော်တော်ယာဉ် အစိတ်အပိုင်းများ၊ ဆေးဝါး၊ စိုက်ပျိုးရေးဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများ၊ မူပိုင်ခွင့် ခိုးကူးခြင်းများ အစရှိသည်တို့ ဖြစ်ပါသည်။ ထို့အပြင် e-Commerce လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်တင်သွင်းမှုများတွင် ပါဆယ်ထုပ်ငယ်များ၊ အွန်လိုင်းဈေးဝယ်ယူမှုများကြောင့်လည်း တရားမဝင်ကုန်သွယ်မှုများ တိုးပွားလာခြင်းကို တွေ့ရှိရ ❞

# ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ ၁၀ ရက်တိုင် ကျင်းပမည်

**ပြည် အောက်တိုဘာ ၂၇**

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၃) နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၅) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲကို ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (နိုဝင်ဘာ ၈ ရက်) မှစ၍ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၁၇ ရက်) အထိ ၁၀ ရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၈ ရက် နံနက် ၅ နာရီခွဲတွင် စေတီတော် ဂေါပကအဖွဲ့ရုံးနှင့် မြတ်စွယ်တော်တိုက်တို့၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၀ ပါးအပါအဝင် သံဃာတော် ၁၀၈ ပါးကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ယင်းနောက် သံဃာတော် ၁၀၈ ပါးတို့က ၂၇ ပါးစီဖြင့် စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်းလေးခု၌ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်း ပြုလုပ်မည်ဖြစ်သည်။ ဆက်လက်၍ စေတီတော်လေးထပ်မွှာရုံ၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၀ ပါးနှင့် သံဃာတော် ၉၈ ပါးတို့ကို ပင့်ဖိတ်၍ တရားတော်နာယူပွဲကျင်းပမည်ဖြစ်သည်။ ထို့နောက် မြတ်စွာဘုရားရှင်နှင့် သံဃာတော် ၁၀၉ ပါးတို့ကို စေတီတော်ရင်ပြင်တော်၌ လက်ယာရစ်ပတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။



ထို့နောက် ပွဲတော်ဒုတိယနေ့ တန်ဆောင်မုန်းလဆန်း ၉ ရက် (နိုဝင်ဘာ ၉ ရက်) နံနက် ၉ နာရီတွင် တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့များဖြင့် ရင်ပြင်တော်မြတ်စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်တော်မူသည့် စိန်စေတီတော်၊ ပတ္တမြားစေတီတော်၊ ရွှေကလပ်တော်၊ မူလကြေးစေတီတော်နှင့် စန္ဒကူးကြုတ်တော်တို့ကို ရောင်တော်ဖွင့်ပွဲ ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ တန်ဆောင်မုန်းလဆန်း ၁၁ ရက် (နိုဝင်ဘာ ၁၁ ရက်) ညနေ ၄ နာရီခွဲတွင် ရင်ပြင်တော်ကျားပျံမွှာရုံ၌ (၁၂၅) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲကျင်းပခြင်း၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် (နိုဝင်ဘာ ၁၂ရက်) နံနက် ၆ နာရီတွင် မြတ်စွယ်တော်တိုက်အတွင်း၌ ဗုဒ္ဓမြတ်စွယ်တော်ကို ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲအခမ်းအနားကျင်းပခြင်း၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (နိုဝင်ဘာ ၁၃ ရက်) ညနေ ၃နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ရင်ပြင်တော်ပေါ်တွင် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည် အပူဇော်ခံပွဲကျင်းပခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်ကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် မြတ်စွယ်တော်တိုက် မုခ်ကျောင်းဆောင်တော်၌ တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ (နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ) နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၉ နာရီအထိ အပူဇော်ခံမည်ဖြစ်ကာ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၁၇ ရက်) နံနက် ၅ နာရီခွဲတွင် ဗုဒ္ဓမြတ်စွယ်တော်ကို တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူမည့် မြတ်စွယ်တော်တိုက် ဂန္ဓကုဋီတိုက်အတွင်းသို့ ပြန်လည်ပင့်ဆောင်ပြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ် အပူဇော်ခံပွဲ အောင်ပွဲ/ ပိတ်ပွဲ အခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပွဲတော်ကျင်းပစဉ် ၁၀ ရက်တာကာလအတွင်း ပျော်ပွဲရွှင်ပွဲများ၊ ကစားကွင်းများ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲနှင့် ပွဲတော်ဈေးဆိုင်တန်းများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# မုံရွာမြို့ပေါ် ကျောင်းတိုက်ကြီးများရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**မုံရွာ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင်ကျောင်း ခြောက်ကျောင်းရှိ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ လာရောက် လောင်းလှူကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ၊ သစ်သီးနှင့်အချိုပွဲများ လောင်းလှူကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။

အဆိုပါ ဆွမ်းနှင့် ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက လစဉ်လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့ဦးဆုတောင်းပြည့် အောင်မြေသာယာရွှေစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၆) ရပ်ကွက် အောင်မြေသာယာဘုရားဝင်းအတွင်း မြို့ဦးရွှေစေတီတော်မြတ်ကြီးအား ဌာပနာတော်သွင်း ပူဇော်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၇နာရီက ကျင်းပသည်။

**ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များ၊ ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ငါးပါးသီလခံယူဆောက်တည်ကာ ဌာပနာပစ္စည်းများ၊ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် မြို့ဦးစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်ပင့်ဆောင်ပြီး ဌာပနာတော်ပစ္စည်းများဖြင့် ပူဇော်ကြကာ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရွှေစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အလှူရှင်များ၊ ဝတ်အသင်းများ၊ ဖိတ်ကြားထားသောဧည့်သည့်တော်များနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြကာ နိုင်ငံကျော်အဆိုတော် စိုးစန္ဒာထွန်းဂီတအဖွဲ့တို့က ဓမ္မပူဇာတေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းလှ၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ကျွန်းလှ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်နှင့် သင်္ချာဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ)၌ ကျင်းပသည်။

ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲတွင် မူလတန်းအဆင့် အင်္ဂလိပ်စာ ၁၃ ဦး၊ သင်္ချာ ၁၈ ဦး၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာ ၃၈ ဦး၊ သင်္ချာ ၄၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၁၇ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူတစ်ဦး ယနေ့ ထပ်မံစစ်ဆေးတွေ့ရှိ၊ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၁ ဦးအထိ ရှိလာ

**အစ္စလာမာဘတ် အောက်တိုဘာ ၂၇**

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူတစ်ဦးကို ယနေ့ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၁ ဦးအထိ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

နိုင်ငံအနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ် လိုရာလိုင်ခရိုင်မှ ကလေးတစ်ဦး တောရိုင်းပိုလီယိုဗိုင်းရပ်စ်ပိုး ကူးစက်ခံစားနေရကြောင်း ဒေသဆိုင်ရာဓာတ်ခွဲခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအချိန်အထိ ဘာလိုချီစတန်ပြည်နယ်မှ ရောဂါကူးစက်ခံရသူ ၂၁ ဦး၊ ဆင်းဒ်ရှ်ပြည်နယ်တောင်ပိုင်းမှ ၁၂ ဦး၊ အနောက်မြောက်ဘက် ခေဘာပါတ်တန်ခွာပြည်နယ်မှ ခြောက်ဦးနှင့် မြို့တော်အစ္စလာမာဘတ်မှတစ်ဦးတို့ ရောဂါကူးစက်ခံနေရကြောင်း သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသည့် ပြည်နယ်များအနက် ဘာလိုချီစတန်ပြည်နယ်သည် တောရိုင်းပိုလီယိုဗိုင်းရပ်စ်အမျိုးအစား 1 ကူးစက်မှုကို ရင်ဆိုင်နေရသည်။

တစ်ချိန်တည်းတွင် နိုင်ငံအတွင်းရှိ ခရိုင်အသီးသီး၌ ကလေး ၄၅ သန်းကျော်ကို ကာကွယ်ဆေးတိုက်ကျွေးရန် ရည်ရွယ်ထားပြီး နိုင်ငံတစ်ဝန်း ကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုတစ်ရပ်ကို အောက်တိုဘာ ၂၈ ရက်တွင် စတင်ရန်စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ထရာမီကြောင့် သေဆုံးသူ ၉၀ အထိရှိလာ

**မနီလာ အောက်တိုဘာ ၂၇**




ဖိလစ်ပိုင်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း ထရာမီကြောင့် သေဆုံးသူအရေအတွက် ၉၀ အထိရှိလာပြီး ၃၆ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ယနေ့ အတည်ပြုပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသ ၁၆ ခုမှ ပြည်သူ ၅ ဒသမ ၇ သန်းကျော်သည် အဆိုပါမုန်တိုင်းဒဏ်ကို ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုများတွင် နစ်မြုပ်နေသူများ သို့မဟုတ် ရေကြီးမှုကြောင့် ပျောက်ဆုံးသွားသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း အာဏာပိုင်များက ပြောသည်။

ထရာမီမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆိပ်ကမ်းများတွင် လူပေါင်း ၈၀၀၀ ကျော် သောင်တင်လျက်ရှိကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ထို့ပြင် ရေကြီးရေလျှံမှုများကြောင့်ရေဘေးဒုက္ခသည်အချို့မှာ အောက်တိုဘာ ၂၆ ရက်မှစပြီး ၎င်းတို့၏နေအိမ်များကို စွန့်ခွာကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ထရာမီမုန်တိုင်း တိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေအားဖြင့် ပီဆို ၈၂၅ သန်း (အမေရိကန်ဒေါ်လာ ၁၄ သန်း) ဖြစ်ပြီး စိုက်ပျိုးရေးအတွက် ပျက်စီးမှုသည် ပီဆို ၁ ဒသမ ၄၃၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်း)ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ နှစ်စဉ်ပျမ်းမျှ တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် ဝင်ရောက်တိုက်ခတ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံက လက်ရှိဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ရရှိ

**အဒစ်အဘာဘာ အောက်တိုဘာ ၂၇**

အီသီယိုးပီးယားနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ရရှိခဲ့ကြောင်း နိုင်ငံ၏ကုန်သွယ်မှုနှင့် ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇူလိုင် ၈ ရက်တွင် စတင်သည့် လက်ရှိ ဘဏ္ဍာနှစ်၏ ပထမသုံးလအတွက် သတ်မှတ်ထားသည့် ပို့ကုန်ဝင်ငွေပမာဏကို ရရှိခဲ့ကြောင်း နိုင်ငံပိုင် အီသီယိုးပီးယား သတင်းအေဂျင်စီက အောက်တိုဘာ ၂၆ ရက်တွင် သတင်းဖော်ပြသည်။

လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်တွင် ပို့ကုန်ပမာဏနှင့် တန်ဖိုးအရ သိသိသာသာ တိုးတက်လာပြီး ပို့ကုန်ဝင်ငွေသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် တိုးလာကြောင်း ဝန်ကြီးဌာနက ပြောသည်။

အီသီယိုးပီးယားနိုင်ငံသည် လူဦးရေ ၁၂၆ ဒသမ ၅ သန်းရှိပြီး အာဖရိကတွင် နိုင်ဂျီးရီးယားပြီးလျှင် ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်သည့်အပြင် ဒေသတွင်းတွင် စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း စီးပွားရေးတိုးတက်မှုနှုန်း တစ်သမတ်တည်းမြင့်မားနေသော်လည်း အီသီယိုးပီးယားသည် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ကမ္ဘာ့ဘဏ်က ဆိုသည်။ ၂၀၂၅ ခုနှစ်တွင် အလယ်အလတ်ဝင်ငွေနည်းပါးသောနိုင်ငံ များစာရင်းတွင် ရောက်ရှိရန် ရည်မှန်းထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဘိတ်လာဟီးယားမြို့ကို လေကြောင်းမှတိုက်ခိုက်၊ ပါလက်စတိုင်း ၃၀ ကျော်သေဆုံး

**ဂါဇာစီးတီး အောက်တိုဘာ ၂၇**

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဘိတ်လာဟီးယားမြို့ကို အောက်တိုဘာ ၂၆ ရက်တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီက ယနေ့ သတင်းဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များ ပါဝင်ကြောင်း သိရသည်။ အရပ်ဘက်ကာကွယ်ရေးနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များက ဘိတ်လာဟီးယားမြို့သို့ လာရောက်နိုင်ခြင်းမရှိဘဲ ထိခိုက်ဒဏ်ရာရရှိသူများကို မြည်းတွန်းလှည်းများ အသုံးပြု၍ ခြေလျင်ပြောင်းရွှေ့ခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။

ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး အစ္စရေးတပ်မတော်က မည်သည့်မှတ်ချက်မျှ ပြောကြားခြင်းမရှိသေးပေ။ အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်၌ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

ဂါဇာကမ်းမြောင်၌ အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေမှာ ၄၂၉၂၄ ဦးအထိရှိကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဆူဒန်နိုင်ငံ၌ ငါးနှစ်အောက်ကလေး ၃ ဒသမ ၇ သန်း ပြင်းထန်သောအာဟာရချို့တဲ့မှုအန္တရာယ်နှင့်ရင်ဆိုင်နေရ

**ခါတွမ် အောက်တိုဘာ ၂၇**

ဆူဒန်နိုင်ငံ၌ ငါးနှစ်အောက်ကလေး ၃ ဒသမ ၇ သန်းသည် ပြင်းထန်သောအာဟာရချို့တဲ့မှုအန္တရာယ်နှင့်ရင်ဆိုင်နေရပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူများသည် ပိုမိုဆိုးရွားလာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအေဂျင်စီနှစ်ခုက သတိပေးပြောကြားသည်။

ယခုနှစ်အတွင်း အာဟာရချို့တဲ့မှုဒဏ်ခံရသည့် ငါးနှစ်အောက်ကလေး ၃ ဒသမ ၇ သန်းခန့်ရှိပြီး ၎င်းတို့သည် အသက်ကယ်ဆေးကုသမှုများ အရေးပေါ်လိုအပ်နေကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ပြောကြားသည်။

အဆိုပါကလေးငယ်များသည် ငတ်မွတ်မှုဒဏ်ကြောင့် အားအင်နည်းပါးလျက်ရှိပြီး အသက်ကယ်ဆေးကုသမှုများ မကြာမီအချိန်တွင် မထောက်ပံ့နိုင်ပါက ၎င်းတို့သည် ကျန်းမာသန်စွမ်းသည့် သက်တူရွယ်တူများထက် သေဆုံးနိုင်ခြေ ၁၁ ဆ ပိုများကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဆူဒန်ပြည်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီး အကူအညီများ အမြန်ဆုံး



လိုအပ်နေကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ လက်ထောက် မဟာမင်းကြီး ရော့ဖ်မာဇို့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဒုတိယအမှုဆောင်ဒါရိုက်တာ တက်ခ်ချိန်ဘင်တို့က ကြေညာချက်တွင် ထည့်သွင်းပြောကြားသည်။

အရေးကြီးသောအကူအညီများပေးအပ်ရာတွင် လက်ရှိကြုံတွေ့နေရသည့် အဓိကပြဿနာမှာ ဆူဒန်နိုင်ငံတစ်ဝန်း လိုအပ်နေသောလူမှုအသိုင်းအဝိုင်းများဆီသို့ လုံခြုံမှုရှိပြီး အတားအဆီးမရှိ ဝင်ရောက်နိုင်စေရေးပင်ဖြစ်ကြောင်းလည်း ကုလသမဂ္ဂအရာရှိနှစ်ဦးက အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ည ၆ နာရီခွဲတွင် ကလေးမြို့ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၆) အမှတ်(၉)လမ်းတွင် ရှိဒိန်းလျှန်နာ မောင်းနှင်ပြီး မောင်မောင်နိုင်ဝင်း (ခ)မောင်နိုင် လိုက်ပါလာသည့် TOYOTA MARK II မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဆပ်ပြာခွက် ၂၀၀ ဖြင့် ထည့်လျက် ဘိန်းဖြူ နှစ်ကီလို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ည ၈ နာရီခွဲတွင် ဘိန်းဖြူများရောင်းချခိုင်းသူ မျိုးကိုဦးနှင့် မဆန်ချင်းတိလ်တို့ နှစ်ဦးအား ကလေးမြို့ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၁၀) ဘုရင့်နောင်လမ်းဆုံ၌ ဆပ်ပြာခွက် ၆၆၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၆ ဒသမ ၆ ကီလို၊ TOYOTA MARK II ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများကို မန္တလေးမှ ဖိုးကျော်(ခ)ကျော်ကျော်(ခ)မော်သင်းနှင့်ဇနီး မခင်မိုးနွယ်(ခ)မိုးနွယ်တို့၏ အစီအမံဖြင့် မိတ္တူကူးစက်အဟောင်းများအတွင်း သိုဝှက်ပြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၆၃၈၈) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၉၆၃၈၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Toyota Dyna Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)ကို လည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မကွေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Pajero သုံးစီး၊ Toyota Hiace တစ်စီး၊ စက်မှုဇုန်ထုတ် Sein Tun MPV Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၃၄၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ ရပ်ကွက်ကြီး(၇)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၃၃၉၂၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၃၇၂၃၁၀)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့သိမ်းဆည်းရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Kyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၄)ရပ်ကွက်နေ ကျော်သူလွင် (ခ)ကျော်ကြီးအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ပြည်တွင်းမှအလှူရှင်များ လှိုင်ကော်မြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသုံးခုသို့ ဘုရားဆင်းတုတော်၊ သင်္ကန်း၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**လှိုင်ကော် အောက်တိုဘာ ၂၇**

ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပြည်တွင်းမှ အလှူရှင်များက လှိုင်ကော်မြို့ ရေဘေးသင့်ပြည်သူများအား ဘုရားဆင်းတုတော်၊ သင်္ကန်း၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစောဟူးဟူးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် စနစ်တကျနေရာချထားခြင်း၊ အစားအသောက်၊ ရေ၊ မီး၊ သန့်စင်ခန်းများ၊ အုပ်ချုပ်မှုနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြိုတင်ကာကွယ်ရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်နိုင်ခဲ့သဖြင့် ယနေ့အချိန်ထိ ပြည်နယ်အတွင်း ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက လှူဒါန်းထောက်ပံ့သည့်ပစ္စည်းများအားလုံးကို ရေဘေးသင့်ပြည်သူများလက်ဝယ်သို့ မျှမျှတတရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်တွင်းမှအလှူရှင်များက လှူဒါန်းသည့် ဉာဏ်တော်ကိုးလက်မ ဘုရားဆင်းတုတော် ၇၇ ဆူနှင့် သင်္ကန်းငါးစုံတို့အား ပြည်နယ်သာသနာရေးဦးစီးဌာနသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန် ၁၂ ပြည်အိတ် ၁၃၅ အိတ်နှင့် အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် လူသုံးကုန်ပစ္စည်း အမျိုး ၂၀ တို့အား ရေဘေးသင့်ပြည်သူများထံသို့လည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။



**ကိုဇင်(ပြန်/ဆက်)**

# မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ သက်ကြီးသတင်းထောက်ကြီးများအား ပူဇော်ကန်တော့

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ သတ္တမအကြိမ်မြောက် အသက် ၇၅ နှစ်ပြည့်သက်ကြီးသတင်းထောက်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့နာယက ဦးရဲမြင့်ဖေက အမှာစကားပြောကြားပြီး မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက သက်ကြီးသတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် အသင်းအတွင်းရေးမှူး ဦးတင်ဝင်း(တင်ဝင်းလေးကြည့်မြင်တိုင်)က ပူဇော်ကန်တော့ပွဲ ငွေစာရင်းရှမ်းတမ်းကို ဖတ်ကြားသည်။

ထို့နောက် အသက် ၁၀၅ နှစ်ရှိ သတင်းထောက်ကြီး ဦးဆိုက်ကျင်အပါအဝင် အသက် ၇၅ နှစ်ပြည့် ကန်တော့ခံ သတင်းထောက်ကြီးများအား တက်ရောက်လာကြသည့် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြုပူဇော်ကန်တော့ကြသည်။

မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ သတ္တမအကြိမ်မြောက် အသက် ၇၅ နှစ်ပြည့် သက်ကြီးသတင်းထောက်ကြီးများအား ပူဇော်ကန်တော့ပွဲတွင် သက်ကြီးသတင်းထောက် ၁၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် လက်ဆောင်ပစ္စည်းများ ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ကိုထက်**

# မြစ်သားမြို့နယ်၌ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှု ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်သား အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် ကတက္ကုန်းကျေးရွာဆင်ဖြူကုန်ထုတ်လမ်း ရေတိုက်စား၍ ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာ၊ ဦးစိုးထက်လှ (ဦးစီးအရာရှိ – နည်းပညာ)နှင့် ဝန်ထမ်းများက မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ကတက္ကုန်းကျေးရွာ ဆင်ဖြူကုန်ထုတ်လမ်းတစ်လျှောက် ရေတိုက်စား၍ လမ်းပျက်စီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု တိုင်းတာစစ်ဆေးခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကုန်ထုတ်လမ်းအား အဆင်ပြေစွာသွားလာအသုံးပြုနိုင်ရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# အင်းလေးဒေသအတွင်း ရေကြီးခြင်းနောက်ဆက်တွဲ ကူးစက်ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ရေပြန်လည်ကျဆင်းပြီးနောက် ရေကြီးခြင်း နောက်ဆက်တွဲ ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာ တင်ဝမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး(ကျန်းမာပညာ) ဦးမန်ရှင်းတို့က ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အသေးစိတ်စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန် ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းနှင့် အစည်းအဝေးတက်ရောက်လာသည့် ကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဆောင်းရာသီကာလ (၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ)အတွက် ယေဘုယျ မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ငါးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှ အပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။

**(မြူအခြေအနေ ခန့်မှန်းချက်များကို လပတ်ခန့်မှန်းချက်များတွင် လအလိုက် ထပ်မံ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။)**

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၆ ပေမှ ၁၀ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၆ ပေမှ ၁၉ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၈ ပေမှ ၁၆ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ကိုးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ခုနစ်ပေမှ ကိုးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် နှစ်ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ငါးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခြောက်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခွဲခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၆ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် သုံးပေမှ ခြောက်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ငါးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

❖ **ကျောဖုံးမှ**

ကျော်ဇင်ဖြိုး(ဂိုး)၊ ဇွဲထက်မင်း၊ ဇွဲခန့်မင်း၊ ဝီလျံ၊ အောင်ဝဏ္ဏစိုး၊ နန္ဒကျော်၊ ဟီရိုတာ၊ ဟိန်းဖြိုးဝင်း၊ ဘာကာယိုကို၊ ရဲရင့်အောင်၊ ရင်တာရိုတို့ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။

**သွင်းယူ**

ရှမ်းယူနိုက်တက်အသင်းသည် ဂိုးသွင်းခွင့်ပိုမိုရရှိပြီး ယခုထက်ဂိုးပိုရသင့်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၁၆ မိနစ်တွင် ရဲရင့်အောင်က သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းနောက်ပိုင်းတွင် အပိုင်အခွင့်အရေးများ ရသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးထပ်မရခဲ့ပေ။

အုပ်စု(D)ဒုတိယနေ့ကို အောက်တိုဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)ကလပ်တိုင်နန်စီးတီးအသင်းနှင့် လာအိုကလပ် Young Elephant အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - သော်ကြီး**

❍ **အာရှဖလားမှ**

မြန်မာအသင်းသည် ယီမင်နှင့် ဗီယက်နမ်တို့ကို နှစ်ပွဲဆက်တိုက်အရေးနိမ့်ထားသဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးထားသော်လည်း အုပ်စုနောက်ဆုံးပွဲတွင် နိုင်ပွဲရရှိခဲ့သည်။ မြန်မာအသင်းသည် ပွဲပြီးခါနီးအထိ တစ်ဂိုးဖြင့် အရေးနိမ့်နေသော်လည်း ခုနစ်မိနစ်အတွင်း နှစ်ဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကာဂျစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၅ မိနစ်တွင် အီဆာကော့ဗ်က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးကို ၈၅ မိနစ်တွင် ကာဂျစ္စတန်အသင်းမှ ခါမီဒီလော့ဗ်ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၉၀+၂ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စုသုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ ရမှတ်သုံးမှတ်ဖြင့် အုပ်စုတတိယနေရာသာရပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၇ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါး အချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ် စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၇-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၀.၃၆ | ၂၇၃၆၆၀ | ၁၄၄၉၄ | ၆၂၄.၂၄ | ၅၅၃၀၆၆ | ၁၈၂၃၁ (လျှပ်စစ်) ထုတ်ရေ) | - | - | - | - | - | ၆၂၅.၁၂ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၉ | ၆၂၇.၇၀ | ၂၈၈၀၇ | - | ၇.၃၀ | ၇၆၉၃ | - | - | - | ၆၂၇.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၆၅ | ၁၀၅၃၀ | ၁ | ၂.၃၅ | ၁၇၂၇ | - | - | - | ၅၀၉.၇၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၈၇ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၈၅ | ၁.၂၂ | ၃၆၆၀ | - | - | - | ၄၃၇.၇၆ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၅.၇၃ | ၇၄၃၆ | ၁၁ | ၂.၂၇ | ၁၂၈၂ | - | - | - | ၄၁၅.၇၇ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၉၅ | ၇၀၃.၇၀ | ၁၀၈၅၂၂ | ၁၄၂ | ၆.၃၀ | ၃၄၅၆၈ | - | - | - | ၇၀၃.၇၂ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၉၀ | ၄၉၅ | ၆၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၅ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | ၁ | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

# ရွက်စွယ်တော် ပမာထားပါလို့ ကဗျာအားဖြင့် ချစ်ကြိုးသွယ် မြစ်ကျဉ်းသုံးသွယ် ဒေသဝယ်

**မြင်းမူမောင်နိုင်မိုး**

စက်တင်ဘာလ ၁၀ ရက်နေ့ နံနက် ၀၇:၃၀ နာရီတွင် လေယာဉ်ဖြင့်ထွက်ခွာလာရာ ဟူပေပြည်နယ် ယီချန်းမြို့သို့ နံနက် ၀၉:၃၀ နာရီတွင် ရောက်ရှိခဲ့သည်။ သည်တစ်ခါ ကျွန်တော်တို့ကို စောင့်ကြိုနေသူက အမျိုးသမီးဧည့်လမ်းညွှန်တစ်ဦးဖြစ်ပြီး အသက်အရွယ်ကတော့ ၃၅ နှစ်ကျော် ၄၀ အတွင်း ဖြစ်မည်ထင်သည်။ သူ့အမည်က ချန်ယန့်လျင် (Chen Yanling)ဟူ၍ ဖြစ်သည်။ အင်္ဂလိပ်စကားကို ကျွမ်းကျင်လိမ္မာစွာ ပြောဆိုနိုင်သူဖြစ်သည်။

ထိုနေ့ နေ့လယ်စာကို ယန်စီမြစ်ကမ်းအနီး ကော့ကျိုးပ ရေကာတာအနီးရှိ တောင်ကမ်းပါးယံတွင် သဘာဝအလျောက် ဖြစ်တည်နေသော ကျောက်ဂူတစ်ခုထဲမှာ ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်တွင် စားသောက်ရလေသည်။ တောင်ကုန်းနံဘေးတွင် ဖွင့်လှစ်ထားပြီး ဝရန်တာများတွင် မှန်ဖြူဖြူများဖြင့် ကာရံထားသည့်အတွက် ကြည်နူးဖွယ် ရှုခင်းအလှအပများကို ခံစားနိုင်သည်။

နေ့လယ်ပိုင်းတွင် ယန်စီမြစ်တစ်ဖက်ကမ်းသို့ကူးပြီး ထူတိုင်းရင်းသားလူမျိုးများ၏ နေထိုင်မှုပုံစံ ရိုးရာဟန်ပန်များကို လေ့လာခွင့်ရသည်။ ထူတိုင်းရင်းသားများသည် တောတောင်များအကြားတွင် နေထိုင်ကြသူများ၊ မြစ်ချောင်းများနံဘေးတွင် နေထိုင်ကြသူများ၊ မြေပြန့်လွင်ပြင်တွင် နေထိုင်ကြသူများဟူ၍ သုံးမျိုးကွဲပြားသည်။ နေထိုင်ရာနေရာပေါ်မူတည်ပြီး အမဲလိုက်လုပ်ငန်းလုပ်ကိုင်သူ၊ တံငါလုပ်ငန်းလုပ်ကိုင်သူနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဟူ၍ အသက်မွေးဝမ်းကျောင်းမှုလည်း ကွဲပြားကြပေသည်။

မည်သို့ပင် အသက်မွေးမှုပြုသည်ဖြစ်စေ ထူတိုင်းရင်းသားများသည် အနုပညာပါရမီရှိသည့် လူမျိုးများဖြစ်သည်။ ငယ်စဉ်ကတည်းက အမျိုးသမီးများက သီချင်းဆိုတတ်သလို အမျိုးသားများက ဂီတတူရိယာတစ်မျိုးမျိုးကို တီးမှုတ်တတ်ကြသည်ဟု ဆိုသည်။

ကျွန်တော်တို့အဖွဲ့ ယန်စီမြစ်ကူးသင်္ဘောပေါ်မှ သူတို့နေထိုင်ရာဆိပ်ကမ်းသို့ တက်ရောက်လိုက်သည်နှင့် သူတို့၏ လူနေမှုပုံစံကို သရုပ်ပြဖော်ကျူးထားသော ရှုမျှော်ခင်းများကို မြင်တွေ့ရတော့သည်။

နက်ရှိုင်းလှသော တောင်တန်းကြီးများ၏ တောင်စွယ်နှစ်ခုကြားမှ စမ်းချောင်းလေးက ညင်သာစွာ စီးဆင်းနေသည်။ စမ်းချောင်းထိပ်ရှိ တံငါလှေသုံးစင်းပေါ်တွင် ငှက်လေးသုံးကောင် နား၍နေသည်။ လှေလေးတစ်စင်းပေါ်မှာ ချောမောလှပသော မိန်းမပျိုလေးက ထီးလေးတစ်လက်ဆောင်းကာ၊ လက်လေးမြှောက်ကာ ဟန်ရေးပြနေသည်။ မလှမ်းမကမ်းရှိ ချောင်းစပ်တံတားထိပ်မှ ထူလုလင်ပျိုလေးက ပလွေသံလေးဖြင့် ချစ်တေးဖွဲ့ဆိုကာ ကလူ၏သို့ မြူ၏သို့ ပုံသဏ္ဍာန်ဆောင်၍ သရုပ်ပြနေသည်။

ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သောအားဖြင့် ရိုးရာဓလေ့ကို သရုပ်ဖော်ပြနေသည်ဖြစ်သော်ငြား ရေမြေတောတောင်အလှ၊ တေးဂီတအနုပညာ၏အလှ၊ ရိုးရာဝတ်စုံများ၏ အလှအပများနှင့် တန်ဆာဆင်လိုက်သောအခါ မြင်သူတိုင်း၏ စိတ်ဘဝင်ကို ကြည်နူးချမ်းမြေ့စေတော့သည်။ ကဗျာရေးသူတစ်ဦးဖြစ်သည့် မိမိအတွက်တော့ ထိုရှုခင်းမြင်ကွင်းကြောင့် ကဗျာလေးတစ်ပုဒ် ဖွဲ့ဆိုမိပြန်သည်။ (ငယ်စဉ်ကတည်းက ဝါးပင်ဝါးတောများအကြား ကြီးပြင်းလာရသော ထူလူမျိုးများသည် ဝါးပင်ကို အလွန်ပင်ချစ်ခင်မြတ်နိုးကြပါသည်ဟု ဧည့်လမ်းညွှန်က ရှင်းပြသည်။ ဟုတ်မှာပါပဲ။ ဝါးပင်နုစဉ်အခါ မျှစ်အဖြစ်၊ ဝါးသေးသေးလေးတွေက ပလွေအဖြစ်၊ ဝါးပင်ကြီးများဖြစ်သွားသည့်အခါ နေအိမ်အဖြစ် သူတို့နှင့် ဝါးပင်များသည် တစ်သားတည်းဖြစ်တော့သည်။)

ထူလူမျိုးလုလင်ပျိုနှင့် လုံမပျိုလေးတို့၏ ချစ်ရေးချစ်ရာတေးသံသာလေးသည် ညို့မှောင်နေသော တောအုပ်ကြီးနှင့် တောင်တန်းများအောက်ရှိ စိမ်းမြသောစမ်းချောင်းလေးပေါ်မှာ လွင့်ပျံ့လှုပ်ရှားလှိုင်းကြက်ခွပ်လေးများပင် နိုးကြွသယောင်ထင်မိသည်။

**ငှက်သုံးကောင်စီတန်းလို့**
**သည်လမ်းနဲ့ သည်ရေပြင်။**
**လှပျိုဖြူ ထူနှမ**
**လှေဦးကမြင်။**
**နောက်ပါးက ထူလုလင်**
**ချိုလွင်တဲ့ ပလွေသံပေး။**
**ချစ်မေတ္တာ သစ္စာနှင်းတယ်**
**မင်းသိဖို့လေး။**

ယန်စီမြစ်ကမ်းတစ်နေရာ (၁၀/၉/၂၄)




ပေကျင်းတက္ကသိုလ်၌ စာပေဆွေးနွေးစဉ်။

**ကမ္ဘာ့ထုထည်အကြီးဆုံး ရေကာတာကြီး**

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရာသီဥတု သာယာလှသည်။ ထိုနေ့နံနက်စောစောပင် ယန်စီမြစ်ကြီးဆီသို့ ရောက်ရှိခဲ့သည်။ တကယ်တော့ ယန်စီမြစ်သည် ကမ္ဘာပေါ်တွင် တတိယအရှည်လျားဆုံးမြစ်ကြီးဖြစ်သည်။ သူတို့ဆီမှာတော့ Mother River ဟု ခေါ်ကြသည်။ မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြီးပမာပင် ဖြစ်လေသည်။ ယီချန်းမြို့သည် ယန်စီမြစ်ကမ်းပေါ်တွင်တည်ရှိပြီး သဘာဝတောတောင်အလှအပများ ကြည့်ရှု၍မဝအောင် သာယာလှပသလို ရှေးဟောင်းသမိုင်းအမွေအနှစ်များကြောင့်လည်း မြို့၏ဂုဏ်ကျက်သရေကို ပိုမိုထွန်းတောက်စေပါသည်။

နံနက်ပိုင်းတွင် Three Gorge Tourism အပျော်စီးသင်္ဘောကြီးဖြင့် ယန်စီမြစ်တစ်လျှောက် ရှုမြင်ကွင်းများကိုကြည့်ရှုရသည်။ မြစ်၏ဝဲယာနှစ်ဖက်လုံးတွင် ထိုးထိုးထောင်ထောင်နှင့် မိုးမျှော်တိုက်တာအဆောက်အအုံများက အခံ့သား နေရာယူထားကြလေသည်။

နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီခန့်အထိ အပျော်စီးသင်္ဘောကြီးပေါ်တွင် အချိန်ကုန်လွန်သည်။ နေ့လယ်စာစားပြီးမှ နာမည်ကျော်မြစ်ကျဉ်းသုံးသွယ်ရေကာတာ (Three Gorges Dam) ကြီးသို့ ထိုသင်္ဘောကြီးဖြင့်ပင် သွားရောက်လေ့လာကြသည်။ ဤရေကာတာကြီးသည် တရုတ်နိုင်ငံ၏ အကြီးဆုံးရေကာတာကြီးဖြစ်ပြီး ကမ္ဘာ့ထုထည်အကြီးဆုံး ရေကာတာကြီးလည်း ဖြစ်လေသည်။ ဤရေကာတာကြီးမှ ရေအားလျှပ်စစ် အများဆုံးထုတ်လုပ်ပေးလျက်ရှိသည်။ ရေကာတာ၏ အပေါ်ဆုံးအကျယ်မှာ ၁၅ မီတာ ကျယ်ဝန်းသည်ဟု သိရသည်။ ဤရေကာတာကြီးကို ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ်အထိ ၁၆ နှစ်ကြာ တည်ဆောက်ခဲ့ရသည်ဟု ဆိုသည်။ ဤရေကာတာကြီး တည်ဆောက်စက စီမံကိန်းဇရိယာနှင့်မလွတ်သော ကျေးရွာများစွာကို နေရာရွှေ့ပြောင်းခဲ့ရသည်။

"အဲဒီလိုရွှေ့ပြောင်းပေးလိုက်ရတော့ ဒေသခံရွာသူ ရွာသားတွေက မကျေမနပ်မဖြစ်ကြဘူးလားဗျ"

ကျွန်တော်တို့အမေးကို ဧည့်လမ်းညွှန်အမျိုးသမီးက အေးဆေးတည်ငြိမ်စွာ ဖြေကြားသည်။

"အစပိုင်းတော့ နည်းနည်းပါးပါးရှိတာပေါ့ရှင်။ ဒါပေမဲ့ အစိုးရက သူတို့နေတဲ့ နဂိုက ရိုးရာတဲအိမ်၊ ဝါးအိမ်လေးတွေအစား ဆက်သွယ်ရေးပိုကောင်းတဲ့နေရာမှာ တိုက်အိမ်တွေ ဆောက်ပေးလိုက်တော့ အားလုံးကျေနပ်သွားကြတာပေါ့။ ဟိုးမှာ အခုမြင်နေရတဲ့တိုက်တွေက ရွာသူရွာသားတွေအတွက် အသစ်ဆောက်ပေးလိုက်တဲ့ တိုက်တွေပေါ့"

သူညွှန်ပြသည့်နေရာကို ကြည့်လိုက်တော့ ခေတ်မီခံ့ညားသည့် တိုက်တာအဆောက်အအုံကြီးများ၊ စားသောက်ဆိုင်ကြီးများဖြင့် ခံ့ညားလှသော မြို့ပြအိမ်ရာကို မြင်ရသည်။

"အခုဆိုရင် ကျွန်မတို့ပြည်သူတွေက အစိုးရက စီမံကိန်းအသစ်လုပ်ရင် ပိုပြီးထောက်ခံအားပေးကြတယ်။ ဘာကြောင့်လဲဆိုတော့ စီမံကိန်းလုပ်လေ သူတို့အတွက် အခွင့်အရေးပိုရလေ ဖြစ်နေတာကိုး"

ဩော်... ကောင်းပါ့လေဗျာဟုသာ ကျွန်တော်ပြောမိသည်။ ဟုတ်တာပေါ့။ အစိုးရရဲ့ စစ်မှန်သောစေတနာနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုကို ပြည်သူတွေ သဘောပေါက်နားလည်ဖို့၊ ထောက်ခံအားပေးဖို့လိုသည်မှာ အမှန်ပင်မဟုတ်ပါလား။ သို့မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ ခေတ်ကိုမီအောင် လိုက်နိုင်ပေလိမ့်မည်။

မွန်းလွဲ ၃ နာရီခန့်တွင် သင်္ဘောကြီးများအတွက် ပြုလုပ်ပေးထားသော မြစ်အတွင်း ရေပေါ်ဓာတ်လှေကားဖြင့် မြှင့်တင်ပေးသဖြင့် သင်္ဘောကြီး တရွေ့ရွေ့မြင့်တက်လာသည့်အရသာကို ကိုယ်တိုင်ခံစားရသည်မှာ အတော်ပင် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ဆယ်တန်းကဗျာလက်ရွေးစင်မှာ အလွတ်ကျက်မှတ်မိနေသော ကဗျာတစ်ပိုဒ်ကို သတိရမိသည်။

"လူသားတို့မာန်၊ လုံ့လသန်၍
ဉာဏ်ရည်ကိုပြု၊ ဖွဲ့ဖြင့်တုသော်
လှူ့ရပ်ခွင်မှာ၊ မစွမ်းရာလျှင်
ဘယ်မှာရှိအံ့နိုင်မည်နည်း။"

**ပေကျင်းမြို့တော်သို့**

စက်တင်ဘာလ ၁၂ ရက်နေ့တွင် ယီချန်းမြို့မှ လေယာဉ်ဖြင့်ထွက်ခွာလာခဲ့သည်။ လေဆိပ်သို့ အသွားလမ်းမှာ မိုးတွေရွာနေသည်။ ဧည့်လမ်းညွှန် အမျိုးသမီးလေး (ချန်ယန့်လျင်)က အခုလိုမျိုး မိုးတွေရွာနေတယ်ဆိုတာ ဧည့်သည်တွေကို အိမ်ရှင်တွေက လွမ်းဆွတ်နေမယ်ဆိုတဲ့ အမှတ်လက္ခဏာပါပဲရှင်ဟု ဆိုလေသည်။ မွန်းလွဲ ၂:၃၀ နာရီတွင် ပေကျင်းမြို့သို့ ရောက်ရှိခဲ့သည်။ သည်တစ်ခါ လာရောက်ကြိုဆိုသော ဧည့်လမ်းညွှန်က အသက် ၄၀ ဝန်းကျင်မျှသာရှိပြီး လူငယ်ဟန်မပျောက်သေးပေ။ သူသည်လည်း အင်္ဂလိပ်စကား အပြောအဆို ညက်ညောသည်။ ယဉ်ကျေးဖော်ရွေ၍ ခေတ်ကိုအမီလိုက်နိုင်ကာ နှံ့စပ်သောအကြားအမြင် ဗဟုသုတရှိသူဖြစ်သည်။ သူ့အမည်မှာ ဝမ်ချုန်း (Wang Cong) ဟူ၍ဖြစ်သည်။ ဟိုတယ်သို့ရောက်သဖြင့် ညစာစားပြီး ဘယ်ကိုမှမသွားကြတော့ဘဲ အနားယူလိုက်ကြလေသည်။

နောက်တစ်နေ့ နံနက် ၉ နာရီတွင် တရုတ်နိုင်ငံ ခေတ်ပေါ်စာပေပြတိုက်သို့ သွားရောက်လေ့လာသည်။ ပြတိုက်မှူးဝမ်ကျင်း (Wang Jin) နှင့်အဖွဲ့က ကြိုဆိုကြပြီးနောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော တရုတ်နိုင်ငံ၏ ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော စာပေပညာရှင်များနှင့် ယင်းတို့၏ စာပေလက်ရာများ၊ အသုံးပြုခဲ့သော စားပွဲကုလားထိုင် အစရှိသည်များ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ရှင်းလင်းပြသကြသည်။

ထိုပြခန်းများအတွင်း ကလေးကဗျာများရေးသားခဲ့ပြီး နိုင်ငံတော်စာပေဆုများရရှိခဲ့သည့် ကဗျာဆရာမကြီးတစ်ဦး၏ ငယ်စဉ်ဘဝမှ အိုမင်းရင့်ရော်သည်အထိ အဆင့်ဆင့်ပြောင်းလဲသွားသော ရုပ်သွင်များကို ကြည့်ရှုရတော့ မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသော ကဗျာဆရာမကြီးနုယဉ်ကို သတိရလွမ်းဆွတ်မိသည်။ **စာမျက်နှာ ၁၉ သို့** ○

○ စာမျက်နှာ ၁၈ မှ

ခေတ်ပေါ်စာပေပြတိုက်၏ အကျယ်အဝန်းမြေနေရာမှာ ကျယ်ဝန်းလှပေသည်။ ဧက ၈၀ ကျော် ၉၀ ခန့် ကျယ်ဝန်းသည်ဟု ပြတိုက်မှူးက ဆိုပါသည်။ လှပစွာစိုက်ပျိုးထားသော ပန်းဥယျာဉ်များ၊ ရေကန်များအပြင် ကလေးငယ်များနှင့် မိဘများ အပန်းဖြေရန်နေရာများကိုပါ စီစဉ်ပေးထားသည်ကို တွေ့ရသည်။

**တရုတ် – မြန်မာ စာရေးဆရာလူငယ်များ**
**အပြန်အလှန်စေလွှတ်ရေး**

ခေတ်ပေါ်စာပေပြတိုက်အတွင်း လှည့်လည်လေ့လာပြီးသည့်နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် တရုတ်နိုင်ငံစာရေးဆရာအသင်းတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စာပေဖလှယ်ရေးအတွက် ပိုမိုမြှင့်တင်ဆောင်ရွက်ရန် အစည်းအဝေးတစ်ရပ် ပြုလုပ်သည်။ ယင်းအစည်းအဝေးတွင် တရုတ်နိုင်ငံစာရေးဆရာအသင်းအတွင်းရေးမှူး ကောပေါင်းစိန် (Guo Bang Sheng) နှင့် တရုတ်နိုင်ငံစာရေးဆရာများ တက်ရောက်ကာ တရုတ်နှင့် မြန်မာစာရေးဆရာတို့၏ စာပေအမြင်များကို အပြန်အလှန်ဆွေးနွေးကြသည်။ တရုတ်နိုင်ငံဘက်မှ တရုတ်စာရေးဆရာအသင်း အတွင်းရေးမှူး ကောပေါင်းစိန် (Guo Bang Sheng)၊ ပြည်ပဆက်သွယ်ရေးမှူး ကျန့်ဟုန်ပင်း(Zhang Hongbin)၊ အာဆီယံယဉ်ကျေးမှုဖလှယ်ရေးစင်တာ ညွှန်ကြားရေးမှူး လီကျင်ချီ (Li Jingi)၊ ဒုတိယပြတိုက်မှူး ဝမ်ကျွင်း (Wang Jun)၊ ပြည်သူ့စာပေမဂ္ဂဇင်း ဒုတိယစာတည်းမှူးချုပ် ရှီးကျဲချန် (Xu Zechen)၊ ကဗျာစာပေမဂ္ဂဇင်း ဒုတိယစာတည်းမှူးချုပ် ဟော့ကျွင်မင် (Huo Junmin)၊ အမျိုးသမီးစာရေးဆရာမ နာ့ယန်(Na Yang)၊ အာရှအာဖရိက ဌာနခွဲမှူး လီချန် (Li Quang)၊ တရုတ်မီဒီယာအဖွဲ့ (CMG) မြန်မာဘာသာဌာနမှူး တုန်ကျယ်(Dong Jie) နှင့် သတင်းထောက်များ တက်ရောက်ကြသည်။ ထို့နောက် နှစ်နိုင်ငံလူငယ်စာရေးဆရာများကို တစ်လှည့်စီ လေ့လာရေးနှင့် ချစ်ကြည်ရေးခရီးစဉ်များ စေလွှတ်ကြရန်နှင့် ဘာသာပြန်ဆိုရေးကိစ္စများ ဆောင်ရွက်ကြရန် ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။

**ပေကျင်းတက္ကသိုလ်မှ 'အညာမင်္ဂလာဆောင်'**

ထိုနေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပေကျင်းတက္ကသိုလ် နိုင်ငံခြားဘာသာကောလိပ်သို့ ရောက်ရှိခဲ့ကြသည်။ အရှေ့တိုင်းဘာသာစကား မြန်မာစာဌာနသို့ရောက်တော့ ဆရာ ဆရာမများနှင့် မြန်မာစာအဓိက ကျောင်းသား ကျောင်းသူလေးများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြသည်။ မြန်မာစာဌာနမှူး ဆရာမကြီး မြန်မာအမည် ဒေါ်ယဉ်ယဉ်နွဲ့၊ တရုတ်အမည် ယန်ကော်ယဉ် (Yang Guoyung)၊ ဒုတိယဌာနမှူး ဆရာမ မိုးမြင့်စန္ဒာဆွေ (Zhang Zhe ကျန်းကျယ်) တို့ ဖြစ်လေသည်။

ကြိုတင်စီစဉ်ထားသည့် သူတို့အခမ်းအနားလေးက အလွန်ပင်လှပသည်။ မြန်မာစာရေးဆရာများနှင့် ဆရာ ဆရာမများ အပြန်အလှန် မိတ်ဆက်ပေးကြသည်။ တက္ကသိုလ်ကျောင်းသူလေး မထက်ထက်ရွှေစင် (ယီရှင်းယီU Xinyi) က မြန်မာသီချင်းတစ်ပုဒ်ကို မြန်မာသံပီပီသသဖြင့် သီဆိုပြသည်။ တက္ကသိုလ်ကျောင်းသားလေး ကိုသန့်စင်ဦး (ဖန့်ချီယွိ Gan Chiyu) က ဂီတာတီးခတ်ပေးလေသည်။ အလွန်ပင်နားထောင်၍ ကောင်းလှပါသည်။ ကျွန်တော်တို့ မြန်မာစာရေးဆရာတစ်ဖွဲ့လုံးက တီးခတ်သူနှင့် သီဆိုသူနှစ်ဦးလုံးကို ဂုဏ်ပြုချီးကျူးကြသည်။ နောက်အစီအစဉ်တစ်ခုကို ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က ကြေညာသည် –

"အခု ဒုတိယအစီအစဉ်ကတော့ ကဗျာရွတ်ဆိုမယ့် အစီအစဉ်ပါရှင်"

ကျွန်တော် အံ့ဩသွား၏။ မူလက ကြိုတင်မသိထားသဖြင့် ဘယ်ကဗျာများ ရွတ်မှာပါလိမ့်ဟု စဉ်းစားနေဆဲ –

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းရေးဖွဲ့ခဲ့တဲ့ အညာမင်္ဂလာဆောင် လေးချိုးကြီးကဗျာကို ရွတ်ဆိုပြမှာပါရှင်"

ဆရာမကြီး၏ ကြေညာသံအပြီး ကျောင်းသူလေးနှစ်ဦးနှင့် ကျောင်းသားလေးတစ်ဦးက အညာမင်္ဂလာဆောင် လေးချိုးကြီးကို ဌာန်ကရိုဏ်းကျနစွာဖြင့် တစ်လှည့်စီ ရွတ်ဆိုကြပါတော့သည်။ ကဗျာရွတ်ဆိုသည့် ကျောင်းသား ကျောင်းသူများမှာ ၁။ ဝမ်ကျွင့်ရှောင်း (Wang Junxiao၊ မချောစုသီရိ)၊ ၂။ ချန်ကောကျင်း (Chan Guojun၊ မနီလာအေး)၊ ဖန့်ချီယွိ (Fan Chiyi၊ ကိုသန့်စင်ဦး)တို့ ဖြစ်လေသည်။

"ကျုပ်တို့အညာမှာ မင်္ဂလာတစ်မျိုးသာပ
အဟုတ်ဗျို့ ဓမ္မတာ အစဉ်အလာ မညှိုးခဲ့ပါဘူး
အဖိုးကလည်း ကျီတစ်ဆောင်"

တရုတ်ပြည်ဖွား တရုတ်အမျိုးသမီး၊ အမျိုးသားလေးတွေက တကယ့်ဂန္ထဝင်ကဗျာကြီးကို ချိုလွင်သာယာစွာ ရွတ်ဆိုနေကြသည်မှာ အမှားအယွင်းမရှိ တကယ့်ကို ကွက်တိအံဝင် နားဆင်၍ ကောင်းလှပေသည်။ ကဗျာရွတ်ဆိုအပြီးမှာတော့ လက်ခုပ်သြဘာသံတွေက တစ်ခန်းလုံးကို လွှမ်းခြုံသွားလေသည်။

ဆက်လက်၍ ကြိုတင်စီစဉ်ထားသည့်အတိုင်း စာပေဟောပြောပွဲလေး ကျင်းပသည်။ ဆရာ အကြီးကိုကိုက လူငယ်စာပေနှင့် အနာဂတ် ခရီးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျွန်တော်က မြန်မာ့ကဗျာရေစီးကြောင်းဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပေးခဲ့ကြပါသည်။ ထို့ပြင် ကျွန်တော်က မြန်မာကဗျာဖွဲ့ဆိုပုံ၊ ဖွဲ့ဆိုနည်းများကို သံပေါက်ကဗျာမှစတင်၍ လေးလုံးစပ်၊ ဒွေးချိုး၊ တြိချိုးကဗျာလေးများကို လွယ်ကူစွာဖွဲ့ဆိုနိုင်ကြောင်း ဥပမာ သာဓကလေးများနှင့် ရှင်းပြခဲ့သည်။ သူတို့အားလုံး စိတ်ဝင်တစားနားထောင်ကြပြီး ကဗျာနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြသည်။ စာတမ်းပြုစုနေသော ဘွဲ့လွန်ကျောင်းသားများကလည်း သူတို့သိလိုသည်များ မေးမြန်းကြသည်။ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ မော်ဆရာမှတ်တမ်းစာအုပ်ကြီးကို စာတမ်းတင်ရန်ပြုစုနေသော ကျောင်းသားလေးတစ်ဦးက သူသိလိုသည်များကို မေးမြန်းသည်ကိုလည်း သင့်လျော်သလို အကြံပြုဖြေကြားပေးခဲ့ပါသည်။

ထိုကျောင်းသားလေး၏ နာမည်က မောင်အောင်သိက္ခာမင်းခန့် ဟူ၍ဖြစ်ပါသည်။ မြန်မာကဗျာကို ချစ်မြတ်နိုးသော ကျောင်းသူတစ်ဦး (မသူဇာဝင်း) ဟု ထင်ပါသည်။ သူကလည်း အမည်မသိ ရှေးစာဆိုတစ်ဦးရေးဖွဲ့သော ကဗျာလေးတစ်ပုဒ်အကြောင်းနှင့် ကာရန်ယူသည့်အခါ သုံးချက်ညီကာရန်နှင့် ဦးတိုက်ကာရန်အကြောင်း ရှင်းပြပေးရန် မေးမြန်းသည်။

မြန်မာကဗျာ မြန်မာစာကို စိတ်ဝင်တစားရှိလှသော တရုတ်လူမျိုး တက္ကသိုလ်ကျောင်းသား ကျောင်းသူလေးများကို ကျွန်တော်တို့ မြန်မာစာရေးဆရာများကလည်း မိမိတို့ ရေးသားထုတ်ဝေခဲ့သော စာအုပ်လေးများကို လက်ဆောင်ပေးကြ၏။ အစီအစဉ်များပြီးဆုံး၍ ကျွန်တော်တို့အဖွဲ့ပြန်ခါနီးအချိန်အထိ စကားတွေပြောကြ၊ မေးကြမြန်းကြ၊ အမှတ်တရ ဓာတ်ပုံတွေရိုက်ကြသည်။ တည်းခိုရာဟိုတယ်သို့ ပြန်ရန် ကားပေါ်ကအထွက် လက်လေးတွေ တပြပြနှင့် သူတို့ ကျန်ရစ်ခဲ့ကြလေသည်။

**မြတ်စွယ်တော်ဦးချလို့ ဖူးခဲ့ရပါသေးသည်**

စက်တင်ဘာလ ၁၄ ရက်နေ့တွင် China Media Group ၏ ရုပ်သံလွှင့်အစီအစဉ်အတွက် တွေ့ဆုံမေးမြန်းခန်းကို ကျွန်တော်တို့ စာရေးဆရာအဖွဲ့သည် အဖွဲ့ငယ်သုံးဖွဲ့ခွဲ၍ ရိုက်ကူးပေးခဲ့ပါသည်။ စာပေဖလှယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် နှစ်နိုင်ငံစာရေးဆရာများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးတို့ကို ကျွန်တော်တို့ ခရီးစဉ်က အတိုင်းအတာတစ်ရပ်အထိ မြှင့်တင်ပေးနိုင်ခဲ့ပုံနှင့် နောင်ဆက်လက် ပြုလုပ်သင့်သည်များကို သုံးသပ်ဆွေးနွေးကြခြင်းလည်း ဖြစ်ပါ၏။ ထို့ပြင် သတင်းတု၊ သတင်းအမှားများ ဖြန့်ချိမှုကြောင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုလွဲမှားစေနိုင်သည်များကို စာရေးသူအပါအဝင် မီဒီယာသမားများကလည်း ကျေပျက်အောင် ချေဖျက်သင့်ကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။ နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လာရောက်တွဲဖက် တာဝန်ထမ်းဆောင်နေသော မအိ (အိအိခင်)နှင့် ကိုလင်း (လင်းဇော်နိုင်) တို့ကလည်း ဝမ်းပန်းတသာ လက်ရောက်နှုတ်ဆက်ကြသည်။ ညနေပိုင်းတွင် တရုတ်နိုင်ငံ အမျိုးသားပြတိုက် (National Museum of China) သို့ သွားရောက်လေ့လာသည်။ အမျိုးသားပြတိုက်နှင့် တစ်ဆက်တည်းဖြစ်သော သမိုင်းဝင်ရင်ပြင်နီကိုလည်း ရောက်ရှိမှတ်တမ်းတင်ခဲ့ကြသည်။

စက်တင်ဘာလ ၁၅ ရက်နေ့တွင် တရုတ်ရှေးဟောင်းနန်းတော်အတွင်း လှည့်ပတ်လေ့လာပြီးသည့်နောက် ဗုဒ္ဓမြတ်စွယ်တော်ကို သွားရောက်ဖူးမြော်ခဲ့ရသည်။ မြတ်စွယ်တော်ကိုမဖူးမြော်မီ စွယ်တော်တိုက်တွင် သီတင်းသုံးနေသည့် ဆရာတော်က ကမ္ဘာပေါ်တွင် ဗုဒ္ဓမြတ်စွယ်တော်အစစ်မှာ တရုတ်နိုင်ငံတွင် တစ်ဆူနှင့် သီရိလင်္ကာနိုင်ငံတွင် တစ်ဆူ ထိုနှစ်ဆူသာရှိကြောင်း မိန့်ကြားသည်။ ပြီးတော့ ကျွန်တော်တို့အဖွဲ့အား အလွန်လှပစွာ ထုပ်ပိုးထားသော လမုန့်ဘူးကြီးတစ်ဘူးစီ ပေးစွန့်တော်မူသည်။ ကျွန်တော်တို့ စာရေးဆရာအဖွဲ့ကလည်း နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

မြန်မာစာရေးဆရာများအားလုံး၏ ရင်ထဲမှာတော့ မြတ်ဗုဒ္ဓစွယ်တော်အစစ်ကို အနီးကပ်ဖူးရသဖြင့် ထူးလှသည့်ကုသိုလ်ကို ပီတိသောမနဿဖြစ်၍မဆုံး စိတ်နှလုံးချမ်းမြေ့ခဲ့ရလေသည်။ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် မဟာတံတိုင်းကြီးသို့ သွားရောက်လေ့လာကြသည်။ ငယ်ရွယ်သူ လူငယ်စာရေးဆရာများကတော့ အဝေးကြီး အမြင့်ကြီး တက်ရောက်ကြသည်။ ကျွန်တော်ကတော့ လွန်ခဲ့သော ၂၅ နှစ်က တစ်ကြိမ် ဝေးဝေးမြင့်မြင့် တက်ရောက်ခဲ့ပြီးပြီမို့ ယခုတစ်ကြိမ်မှာတော့ အဆင့်နှစ်ဆင့်ခန့်သာ တက်ခဲ့တော့သည်။

ထိုနေ့ ညနေတွင် ပေကျင်းလေဆိပ်မှ China Airline ဖြင့် မြန်မာနိုင်ငံသို့ ပြန်ရတော့မည်ဖြစ်ပေရာ မဟာတံတိုင်းကြီးကို နှုတ်ဆက်ပြီး လေယာဉ်ကွင်းသို့အသွား ကားပေါ်တွင် ဤခရီးစဉ်နှင့်ပတ်သက်သည့် ပုံရိပ်များကို ပြန်လည်စဉ်းစားရင်း အတွေးရေယာဉ်ကြော နစ်မျောနေမိသည်။

**နှစ်လွှာတစ်ခက် စွယ်တော်ရွက်ပမာ ချစ်ကြည်စွာ**

၁၁ ညအိပ် ၁၂ ရက်ခရီးစဉ်ဟုဆိုနိုင်သော ဤခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံစာရေးဆရာများ တွေ့ဆုံ၍ ကဗျာအကြောင်း၊ စာအကြောင်းများ ပြောကြသည်။ နှစ်နိုင်ငံပြည်သူများ ပိုမိုချစ်ကြည်ရေး ဆွေးနွေးကြသည်။ နောင်အနာဂတ်တွင် နှစ်နိုင်ငံလူငယ်များ အပြန်အလှန်စေလွှတ်နိုင်အောင် နည်းလမ်းရှာကြသည်။ အားလုံးသည် ကောင်းသောလက္ခဏာဆောင်ပါသည်။

ထို့ပြင် သူတို့နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုများကို မျက်မြင်ကြည့်ရှုခံစားရင်း ကိုယ့်နိုင်ငံကိုလည်း သူတို့လို ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဆန္ဒများကို ကျွန်တော်တို့ရင်မှာ ထပ်ကာထပ်ကာ ပေါ်ပေါက်လာသည်။ သူတို့ဆီမှာ အတုယူသင့်သည့်အချက်များကို ကိုယ့်နိုင်ငံလူငယ်များကို သိရှိစေရန် မျှဝေပေးလိုသည့် စေတနာနှင့်အတူ နှိုးဆော်တိုက်တွန်းသင့်သည်များကို နှိုးဆော်တိုက်တွန်းရပေဦးမည်ဟု ခံယူမိသည်။

တကယ်တော့ အိမ်နီးချင်းနိုင်ငံဆိုသည်မှာ ကမ္ဘာတည်သရွေ့ အနီးကပ် အတူယှဉ်တွဲနေထိုင်ရမည်သာဖြစ်သည်။ အနီးကပ် အတူနေထိုင်ရမည့်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အပြန်အလှန်ဖေးမကူညီခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်းများဖြင့်သာ နှစ်နိုင်ငံလုံး၏ အကျိုးကို သယ်ပိုးရာရောက်ပေမည်။ ထိုသို့သော အတွေးအခေါ်ခံယူချက်ဖြင့် ရေးဖွဲ့ခဲ့သော ကဗျာလေးတစ်ပုဒ်ကို နန်နင်းမြို့ ကွမ်းရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်တွင် တရုတ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရွတ်ဆိုပြခဲ့သည်။ ထိုကဗျာလေးကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**တရုတ် မြန်မာ ချစ်ကြည်စွာ**

ရွက်စွယ်တော် ပမာသရုပ်လိုပ
မြန်မာတရုတ်ချစ်ကြည်စွာ။
နှစ်လွှာမှာ တစ်ရွက်တည်း
မခွဲမခွာ။
ကဗျာတေး သံချိုသာ
ပြန်ဆိုကာ ရေးသီဖွဲ့။
နှစ်နိုင်ငံချစ်ကြည်ရေး
ရှေးရှုပါရဲ့။ ။

**❛ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သောအားဖြင့် ရိုးရာဓလေ့ကို သရုပ်ဖော်ပြနေသည်ဖြစ်သော်ငြား ရေမြေတောတောင်အလှ၊ တေးဂီတအနုပညာ၏အလှ၊ ရိုးရာဝတ်စုံများ၏ အလှအပများနှင့် တန်ဆာဆင်လိုက်သောအခါ မြင်သူတိုင်း၏ စိတ်ဘဝင်ကို ကြည်နူးချမ်းမြေ့စေတော့သည်။ ကဗျာရေးသူတစ်ဦးဖြစ်သည့် မိမိအတွက်တော့ ထိုရှုခင်းမြင်ကွင်းကြောင့် ကဗျာလေးတစ်ပုဒ် ဖွဲ့ဆိုမိပြန်သည်။ (ငယ်စဉ်ကတည်းက ဝါးပင်ဝါးတောများအကြား ကြီးပြင်းလာရသော ထူလူမျိုးများသည် ဝါးပင်ကို အလွန်ပင်ချစ်ခင်မြတ်နိုးကြပါသည်ဟု ဧည့်လမ်းညွှန်က ရှင်းပြသည်။ ဟုတ်မှာပါပဲ။ ဝါးပင်နုစဉ်အခါ မျှစ်အဖြစ်၊ ဝါးသေးသေးလေးတွေက ပလွေအဖြစ်၊ ဝါးပင်ကြီးများဖြစ်သွားသည့်အခါ နေအိမ်အဖြစ် သူတို့နှင့် ဝါးပင်များသည် တစ်သားတည်းဖြစ် ❜**

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်းဝေ

၂၁ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### UNIT (5) COLOURS

**II. Read the passage.**

Now let's go to politics. When we say someone is pink, we mean that he or she has mild left-wing views, (ပျော့ပျောင်းသောလက်ဝဲယိမ်းအမြင်ရှိသူ ) and therefore is a socialist. But to be in the pink is to be in the best health. (ကျန်းမာရေးက ဒေါင်ဒေါင်မြည် = အကောင်းဆုံး အနေအထားရှိ) One very popular song of mid-fifties goes like this. Enjoy yourself, it's later than you think. Enjoy yourself while you are still in the pink. By the way, do you know that your little finger is called pinkie? (လက်သန်း)

But if you're red instead of pink, then you're a true leftist, a communist. But when you see red, it means you are very angry. When a business company is in the red, it means that the company is losing money and is in debt. (အရှုံးပေါ်၊ အကြွေးတင်) When a footballer is shown a red card, he is sent off the pitch for violating one of the rules of the game. And to paint the town red (ပျော်ပွဲကြီးကျင်းပ) is to go to a lot of different bars, clubs, etc. to enjoy oneself in a lively, and often drunken way. Then we roll out the red carpet for VIPs. (အရေးပါသောသူများကို ကော်ဇောနီခင်းကြို) When someone is caught red-handed, (လက်ပူးလက်ကြပ်မိ) he or she is caught in the act of committing a crime. And most modern- day teenagers enjoy red hot music, (အသံကျယ်ကျယ် မြန်မြန်ဆိုရသော ဂီတတမျိုး) which is music that is loud and quick in rhythm. A red letter day (အရေးပါသော၊ မမေ့နိုင်သောနေ့) is an important, or special day because something particularly good, or important happens on this day. And how we hate all that red tape, (ကြိုးနီစနစ်) which refers to all those unnecessary rules and regulations which result in delay.

Are you yellow? (သူရဲဘောကြောင်၊ သွေးကြောင်) If so, you have no courage; you are cowardly. But when a footballer is shown a yellow card, it means that he is warned having broken a rule. And a yellow ribbon is a symbol of welcome - in the USA - for those returning home after having undergone danger. For instance, a soldier returning home from battle is quite likely to find yellow ribbons tied round a tree in his front yard.

စာပိုဒ်ရဲ့အနှစ်ချုပ်

နိုင်ငံရေး၊ ဘောလုံးအားကစား၊ ဂီတ၊ ရာဇဝတ်မှုနဲ့ဆိုင်တဲ့ အရောင်အသုံးအနှုန်းများနဲ့ ပတ်သက်တာတွေကို ရှင်းပြထားတာ ဖြစ်ပါတယ်။

စွဲမြဲစွာမှတ်ထားရန် တွဲသုံးလေ့ရှိသောအသုံးအနှုန်းများ

| | |
|---|---|
| in the pink | ကျန်းမာရေးကောင်းသော |
| instead of | .......... အစား |
| in debt | အကြွေးတင် |

**Exercises**

**(A) Write the appropriate word or words to complete each sentence.**

1. In politics, we describe someone .......... and we are referring to their moderately left-leaning ideologies, making them socialists.
2. Being in excellent health means ..........
3. The name of your tiny finger is ..........
4. If you are .......... rather than .........., you are a true leftist and a communist.
5. .......... indicates that you are extremely enraged.
6. A business that is .......... is one that is incurring debt (အကြွေးတင်) and is losing money.
7. The president of the United States was given .......... welcome at the airport.
8. A footballer who receives .......... for breaking one of the game's regulations is removed from the field.
9. When VIPs arrive, we spread out (ဖြန့်ခင်း) the ..........
10. To have fun-filled time means ..........

**(B) Give a full-sentence answer to each question.**

1. What does it mean when someone is described as pink in politics?
2. What does it mean to be in the pink?
3. What does it mean if someone is described as red in politics?
4. What does it mean when a business company is in the red?
5. What does it mean when a footballer is shown a red card?
6. What does it mean to paint the town red?

Answer keys

I. (A). 1. is pink 2. to be in the pink 3. pinkie 4. red, pink 5. Red 6. in the red 7. the red carpet 8. a red card 9. the red carpet 10. to paint the town red

I. (B). 1. When someone is described as pink in politics, it means that he or she has mild left-wing views and is considered a socialist.

2. To be in the pink means to be in good health.
3. If someone is described as red in politics, it means that he or she is a true leftist and is considered a communist.
4. When a business company is in the red, it means that the company is losing money and is in debt.
5. When a footballer is shown a red card, it means that he has violated one of the rules of the game and is sent off the pitch.
6. To paint the town red means to go to a lot of different bars, clubs, etc. to enjoy oneself in a lively and often drunken way.

## ရူပဗေဒ

ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၂၁ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### CHAPTER (6)

### Effects and Characteristics of Sound

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။ Section(A) အပိုင်းတွင် အမှတ်(၄၀) ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ်(၆၀) ဖိုး ဖြေဆိုရသည်။

မေးခွန်း No. (1) သည် True or False ရွေးချယ်ရပါမည်။ (၁)မှတ်တန် (၁၀)ပုဒ် ဖြေဆိုရမည်။ မေးခွန်း No.(2) သည် Fill in the blanks ဖြစ်ပြီး (၁)မှတ်တန် မေးခွန်း (၁၅) ပုဒ် ဖြေဆိုရမည်။ မေးခွန်း No.(3) သည် Multiple Choice များဖြစ်ပြီး ရွေးချယ်စရာ (၃) ခုမှ correct answer (၁) မျိုးတည်းကိုသာ ရွေးပေးရမည်။ (၁) မှတ်တန် (၁၅) ပုဒ် ဖြေဆိုရမှာဖြစ်ပါသည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

**I. Are the following statements TRUE (or) FALSE?**

(1) Sound waves propagate through compressible media such as air or water.

(2) During the propagation, sound waves can be reflected, refracted or attenuated by the medium.

(3) Speed of sound wave can be affected by the density, temperature, and elasticity of the medium.

(4) Longitudinal sound waves travel faster in solids than in liquids.

(5) Bats are known to use echolocation to navigate and locate their prey.

(6) Echolocation is the special ability of emitting sounds and interpreting the echoes.

(7) For elephants, the frequency range of audibility is between 5 Hz and 12000 Hz.

(8) Infrasound (under 20 Hz) cannot be heard by human ear.

(9) Ultrasound (above 20000 Hz) cannot be heard by human ear.

**II. Fill in the blanks.**

(1) Sound is a sequence of ............. waves.

(2) The viscosity of the medium determines the rate at which sound is ..............

(3) The speed of sound will be different for ............. media.

(4) The SI unit of Young's modulus is ..............

(5) The unit used for measuring sound intensity is ..............

(6) The intensity level of sound for threshold of hearing ............. $Wm^{-2}$.

(7) The repetition of sound due to the reflection of sound is called ..............

(8) In buildings, walls are covered up with ............... to reduce echo's effect.

(9) Audible means able to be ..............

**III. Choose the correct answer from the following.**

(1) The SI unit of bulk modulus is ..............
(A. Nm, B. $Nm^{-1}$, C. $Nm^{-2}$)

(2) The intensity level of sound for leaves falling is ............. dB.
(A. 50, B. 20, C.10)

(3) For humans, the frequency range of audibility is between ..............
(A. 20 Hz and 20000 Hz, B. 60 Hz and 65000 Hz, C. 15 Hz and 50000 Hz)

(4) At a busy street corner, the intensity level of sound is ..............
(A. 70 dB, B. 120 dB, C. 50 dB)

(5) A star moving away from the earth shows ..............
(A. blue shift, B. red shift, C. yellow shift)

(6) A star moving towards the earth shows ..............
(A. blue shift, B. red shift, C. yellow shift)

(7) In Doppler effect, when the source moves towards the observer, ............. is used.
(A. $-v_s$, B. $+v_s$, C. $+v_o$)

Answers

I. (1) True (2) True (3) True (4) True (5) True (6) True (7) True (8) True (9) True

II. (1) pressure (2) attenuated (3) different (4) $Nm^{-2}$ (5) decibel (6) $10^{-12}$ (7) echo (8) padding (9) heard

III. (1) C (2) C (3) A (4) A (5) B (6) A (7) A

Grade-12 ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း-09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ရိုးရာယဉ်ကျေးမှုနှင့် ချစ်စရာဓလေ့တစ်ခုဖြစ်သည့် မြန်မာ့သနပ်ခါးကို ဂုဏ်ယူစွာဖြင့် ယနေ့တိုင်သုံးစွဲလျက်ရှိ

**မင်းဘူး အောက်တိုဘာ ၂၇**

မြန်မာတို့သည် သနပ်ခါးကို ရှေးအစဉ်ဆက်ကပင်လျှင် လိမ်းခြယ်သခြင်း၊ ဆေးအဖြစ်သုံးစွဲခြင်း၊ မြတ်စွာဘုရားရှင်အား မီးအဖြစ်ပူဇော်ခြင်း၊ နံ့သာရည်ဖျန်း၍ ပူဇော်ခြင်း၊ သနပ်ခါးနံ့သာရည်များပြုလုပ်၍ ရိုးရာဓလေ့ပျော်ပွဲရွှင်ပွဲများဖြင့် အမျိုးမျိုးအသုံးပြု သုံးစွဲလာခဲ့ကြခြင်းဖြစ်သည်။



**သရုပ်ဖော်ရေးဆွဲထား**

မြန်မာအမျိုးသမီးတို့၏ သနပ်ခါးလိမ်းခြယ်ကြသည့် ဓလေ့ကို ပုဂံခေတ် အေဒီ ၁၁၁၃ ခုနှစ်တွင် တည်ခဲ့သည့် မြင်းကပါ ဂူပြောက်ကြီး ဘုရားနံရံဆေးရေးပန်းချီများ၊ အေဒီ ၁၁၈၃ ခုနှစ်တွင်တည်ခဲ့သည့် စူဠာမဏိ ဘုရားအတွင်း နံရံပန်းချီများ၊ ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သော ဂူဘုရားများရှိ နံရံပန်းချီများတွင် သနပ်ခါးလိမ်းခြယ်ကြသည့် ဓလေ့ကို သရုပ်ဖော်ရေးဆွဲထားမှုများ တွေ့ရသည်။



ထို့အပြင် မြန်မာတို့၏ ရှေးရိုးရာ ပုံပြင်များ၊ ဘာသာစကားများနှင့် စာပေ၊ အရေးအသားများတွင်လည်း သနပ်ခါးသုံးစွဲသည့်ဓလေ့ ဖော်ပြခဲ့ကြသည်ကို ပျို့၊ ကဗျာ၊ တေးထပ်များတွင် တွေ့ရှိရသဖြင့် သနပ်ခါးကို ရှေးနှစ်ပေါင်းထောင်ချီကာလကပင် လိမ်းခြယ်အသုံးပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးများ သနပ်ခါးလိမ်းခြယ်ရာတွင် အသားအရေကို နူးညံ့ချောမွေ့စေရန်နှင့် အလှအပရေးရာအတွက် အသားအရေကို ထိန်းသိမ်းထားရန် လိမ်းခြယ်ကြခြင်းဖြစ်သည်။ ကျေးလက်တောရွာနေ ကောက်စိုက်သမလေးများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ မိန်းမပျိုလေးများကမူ မိမိတို့လုပ်ငန်းခွင်မှ ပူပြင်းလှသည့် နေရောင်ခြည်ဒဏ်ကို ခံနိုင်စေရန် သနပ်ခါးကို ခြေဆုံးခေါင်းဆုံးဖြင့် လိမ်းခြယ်ကြသည်။

မြန်မာတို့သည် မြန်မာ့ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသော သနပ်ခါးကို လိမ်းခြယ်ကြရသဖြင့် စိတ်နှလုံးအေးချမ်းသကဲ့သို့ သနပ်ခါးလိမ်းထားလျှင် နေရောင်ခြည်နှင့် အပူဒဏ်ကို ခံနိုင်သည့်အပြင် အရေပြား မပျက်စီးအောင်လည်း ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသား၊ တိုင်းရင်းသူအားလုံး သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ကြခြင်း ဖြစ်သည်။ သနပ်ခါးသည် မြန်မာ့ဓလေ့ရိုးရာပွဲတော်များတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို ရာသီအလိုက် ပွဲတော်များတွင် တွေ့မြင်နိုင်သည်။

ထို့အပြင် ယောနယ်ဘက်တွင်လည်း ယောဓလေ့ သနပ်ခါး ပါးတို့ပွဲကို တွေ့ရှိနိုင်သည်။ ရွာတစ်ရွာမှ အခြားရွာရှိဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ကန်တော့ကြရာ ရွာခံလူပျို၊ အပျိုများက လမ်းမှနေ၍ ကျောင်းသို့ လာရောက် ကန်တော့သူများကို ကျောင်းအဝင်လမ်းတွင် သနပ်ခါးလိမ်းပေးခြင်း၊ သနပ်ခါးတို့ပေးခြင်းများနှင့် မှန်ကြည့်၍ ရယ်မောပျော်ရွှင်စရာ ကောင်းလှသည့် ရိုးရာဓလေ့ပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့အနောက်ဘက် ဧရာဝတီမြစ်ကမ်းဘေး ခက်သင်ရွာရှိ ရွှေတောင်ဦး စေတီတက်လမ်းတစ်လျှောက် သီတင်းကျွတ်လပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများအား ရွာသူမိန်းမပျိုလေးများက ကြေးဖလားငယ်ထဲမှ သနပ်ခါးမှုန့်ပါသော တို့ဖတ်ဖြင့် မျက်နှာကို ရိုက်ပေးကြသည့် သနပ်ခါးပါးတို့ပွဲသည်လည်း ယဉ်ကျေးမှုဆိုင်ရာ ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်သည်။ ဤကဲ့သို့ လိမ်းကျံခြယ်သ၊ ဂုဏ်ပြု ပူဇော်၊ ရိုးရာဓလေ့ ပွဲတော်များတွင် အသုံးပြုသုံးစွဲလာကြသည့် မြန်မာ့သနပ်ခါးသည် နေရာအနှံ့အပြားတွင် စိုက်ပျိုးနိုင်သော်လည်း အများဆုံးစိုက်ပျိုးသော ဒေသများမှာ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်လားရှိုးနှင့် ကျောက်မဲဒေသများတွင် စိုက်ပျိုးကြသည်။ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ နွားထိုးကြီး၊ တောင်သာနှင့် အရာတော်မြို့နယ်များတွင် အများဆုံး စိုက်ပျိုးကြပြီး အရာတော်မြို့ တစ်မြို့နယ်တည်းပင်လျှင် သနပ်ခါးဧက တစ်သိန်းကျော် စိုက်ပျိုးထားကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

---

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၃၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၃၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကန့်ဘလူမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းသားကျောင်းသူများအား လူကုန်ကူးခံရသည့် အကြောင်းရင်းများ၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးနှင့်လူကုန်ကူးမှုနှင့်ပတ်သက်သော ပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုကင်းဝေးစေရေး ဆောင်ရန်၊ ရှောင်ရန်များနှင့် မိမိပတ်ဝန်းကျင်တွင် လူကုန်ကူးမှုတွေ့ရှိပါက ဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရောင်စဉ်လှိုင်းဘော်ဒါဆောင်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး နံရံကပ်ဗီနိုင်းပိုစတာများ၊ သုတ၊ ရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကျိုးတရား ငါးပါးရရှိမည့် ကထိန်အလှူ

ညွန့်ဝင်း(နတ်တလင်း)

မြန်မာလ တစ်ဆယ့်နှစ်လတာကာလတွင် သီတင်းကျွတ်ချိန်အခါကာလသည် မြန်မာတို့၏ ရိုးရာကောင်းမှုအလှူပွဲတစ်ခုဖြစ်သည့် ကထိန်အလှူပွဲကျင်းပချိန်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကို ကထိန်ခင်းနိုင်သည့်ကာလအဖြစ် ဘုရားရှင်က သတ်မှတ်ပေးခဲ့သည်။ထို့ကြောင့် သီတင်းကျွတ်ချိန်မှစ၍ မြန်မာလူမျိုးတို့သည် နိုင်ငံအနှံ့အပြား၌ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ကြသည်။

**ယူဇနာခြောက်ဆယ်ကွာဝေးသော သာကေတဟူသည့် မြို့မှာပင် ဝါဆို**

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသည့်ဓလေ့ဖြစ်ပေါ်လာပုံကို အကျဉ်းမျှတင်ပြပါမည်။ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ်ဖြစ်သည်။ အာရညကဓုတင်၊ ပိဏ္ဍပါတဓုတင်၊ ပံ့သုကူဓုတင်၊ တိစီဝရိတ်ဓုတင် ဆောက်တည်ကြသော ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် ပါဝေယျမြို့မှ အလွန်ဝေးကွာလှသော သာဝတ္ထိပြည်သို့ ကြွလာကြသည်။ ထိုသို့ကြွလာချိန်သည် ရဟန်းတော်များ ဝါဆိုရမည့်နေ့ရောက်ရှိလာချိန်ဖြစ်သဖြင့် သာဝတ္ထိပြည်မရောက်မီ ယူဇနာခြောက်ဆယ်ကွာဝေးသော သာကေတဟူသည့် မြို့မှာပင် ဝါဆိုလိုက်ကြရသည်။

ဝါလကင်းလွတ်၍ ဝါကျွတ်သည့်အခါ ရဟန်းတော်တို့သည် မြတ်စွာဘုရားရှင်အားဖူးမြော်ရန် ဆက်လက်ကြွခဲ့ကြသည်။ ထိုသို့ကြွရာလမ်းခရီး၌ မိုးတွင်းကာလဖြစ်၍ ရဟန်းတော်တို့ဝတ်ရုံထားသောသင်္ကန်းများသည် မိုးရေတို့ဖြင့် စိုရွှဲနေလေသည်။ ရဟန်းတော်များ မြတ်စွာဘုရားရှင်ထံရောက်သော် မြတ်စွာဘုရားက ရဟန်းတော်များကို ဝါတွင်းကာလတွင် ချမ်းချမ်းသာသာ သီတင်းသုံးခဲ့ရပါသလားဟု မေးမြန်းပါသည်။ ရဟန်းတော်တို့က မိမိတို့ ဆင်းရဲဒုက္ခရောက်ရပုံများကို လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က ရဟန်းတော်များ နောင်တွင် ချမ်းသာစွာသီတင်းသုံးနိုင်ရန် ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော (ဝါမကျိုးမပျက်ဘဲ ဝါကျွတ်လာသော) ရဟန်းတို့အား ကထိန်ခင်းခွင့်ပြုခဲ့ပါသည်။

ကထိန်သင်္ကန်းကပ်လှူမှုကို ခံယူခွင့်ရှိသော ရဟန်းမှာ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသာလျှင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အကျင့်သီလသိက္ခာနှင့်ပြည့်စုံသော ရဟန်းသည်သာ ကထိန်သင်္ကန်းကပ်လှူပူဇော်ခံခွင့်ရှိခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူရာ၌ “ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန် သင်္ကန်းမျိုး” ဟု ဆိုသည့်အတိုင်း ဒုကုဋ်သင်္ကန်း ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီ ခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင်ခေါ် ခါးဝတ်သင်္ကန်းဟူသော ဘုရားခွင့်ပြုသည့် သင်္ကန်းသုံးထည်တို့ကို လှူဒါန်းနိုင်ပြီး သံဃာတော်တို့ ကထိန်ခင်းခွင့်ရကြသည်။ မြတ်စွာဘုရားက ဝိနည်းနှင့် ပြည့်စုံသည့် ရဟန်းတော်တို့ကို ထိုသို့ ကထိန်ခင်းခွင့်ပြုခဲ့သဖြင့် ကထိန်အကျိုးတရား ငါးပါးကို ရဟန်းတော်တို့ရရှိပါသည်။ ယင်းအကျိုးငါးပါးကား ရဟန်းသည် (၁)အထင်အရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဒါယကာ ဒါယိကာမတို့၏ နေအိမ် အစရှိသောနေရာများသို့ သွားလာနိုင်ခြင်း၊ (၂) မိမိနှင့်ကင်းကွာ၍မရသော တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသည့် သင်္ကန်းကို မယူဆောင်ဘဲ သွားနိုင်ခြင်း၊ (၃) ဒါယကာ ဒါယိကာမတို့၏ မဆီလျော်မအပ်စပ်သည့် ဆွမ်းဖိတ်ကြားမှုကို လွတ်လပ်စွာ သုံးဆောင်နိုင်ခြင်း၊ (၄) အလိုရှိတိုင်းအဓိဋ္ဌာန် ဝိကပ္ပနာမပြုသောသင်္ကန်းကို ဆောင်ယူနိုင်ခြင်း၊ (၅) ထိုကထိန်ခင်းသောကျောင်း၌ လှူဒါန်းဖြစ်ပေါ်လာသမျှသော သင်္ကန်းမှန်သမျှကို သုံးစွဲခွင့်ရခြင်းတို့ဖြစ်သည်။

ကထိန်ဟူသောစကားသည် ကထိန ဟူသော ပါဠိစကားမှဆင်းသက်လာသည်။ “ကထိန” မှ နငယ်ကို တံခွန်လွှား၍ (မြန်မာလိုအသတ်ပြု၍) ကထိန်ဟူ၍ဖြစ်လာခြင်းပင်။ ကထိန၏အဓိပ္ပာယ်မှာ ခိုင်မြဲခြင်း၊ မြဲမြံခြင်းဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို လက်ခံရရှိပြီး ကထိန်ခင်းခွင့်ရသည့်ရဟန်းသည် ဘုရားရှင် ပညတ်ထားသော ဝိနည်းသိက္ခာပုဒ်အချို့ကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် ကင်းလွတ်ခွင့်ရပါသည်။ ထိုသို့ အကျိုးအာနိသင်များကို ခိုင်ခိုင်မြဲမြဲရရှိစေသောကြောင့် ကထိန်ဟုခေါ်ဆိုခြင်းဖြစ်သည်။

❛ကထိန်အလှူသည် ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းသောအလှူ ဖြစ်သောကြောင့်ဟု အဋ္ဌကထာတွင်ဖွင့်ဆိုထားသည်။ ကထိန်အလှူသည် (၁)သံဃာကိုရည်မှန်းပြီး လှူဒါန်းသည့် သံဃိကအလှူဖြစ်ရခြင်း၊ (၂) သတ်မှတ်ချိန်ကာလ အတွင်းမှာပင် လှူဒါန်းရသည့် ကာလဒါနဖြစ်ခြင်း၊ (၃) အခြားဝတ္ထုပစ္စည်းများ မဟုတ်ဘဲ အရဟတ္တဓဇခေါ် ရဟန္တာတို့၏ အလံတံခွန်သဖွယ်ဖြစ်သော အဝတ်သင်္ကန်း ဖြင့်သာ ကထိန်ခင်းနိုင်ခြင်း၊ (၄) ယင်းအလှူကိုအကြောင်းပြု၍ ရဟန်းတော်များ ဝိနည်းသိက္ခာပုဒ်အချို့ကို ငါးလတိုင်တိုင် ကင်းလွတ်ခွင့်ရခြင်းဟူသော ထူးခြား ကောင်းမြတ်သည့် အချက်များနှင့်ပြည့်စုံသဖြင့် အမြတ်ဆုံးအလှူဟုခေါ်ဆိုနိုင်❜



ကျွန်ုပ်တို့လူများက မည်သည့်မြို့ရွာ၊ မည်သည့်ကျောင်းတိုက်တွင် ကထိန်ခင်းလှူဒါန်းမည်ဟု ပြောကြသော်လည်း အမှန်စင်စစ် ကထိန်ခင်းသည့်အမှုကို ရဟန်းတော်တို့ကသာ ပြုလုပ်ရပါသည်။ ကျွန်ုပ်တို့ဒါယကာ ဒါယိကာမများက ရဟန်းတော်များ ကထိန်ခင်းနိုင်အောင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမှုကိုသာ ပြုနိုင်ပေသည်။ ရဟန်းတို့သည် အလှူရှင် လှူဒါန်းသည့် သင်္ကန်းနှင့် သိမ်ဝင်လျက်ကျောင်းတိုက်တွင်ရှိသည့် သံဃာတစ်ပါးအား သံဃာများ၏သဘောတူညီချက်ဖြင့် ရွေးချယ်၍ သင်္ကန်းကိုအပ်နှင်းကာ ကမ္မဝါစာများရွတ်ဖတ်ပေးကြရသည်။ သင်္ကန်းကိုလက်ခံရရှိသည့် ရဟန်းသည် မိမိဝါဆိုရာကျောင်းတိုက်တွင် ထိုသင်္ကန်းဖြင့် ကထိန်ခင်းရပါသည်။ ရဟန်းသည် သင်္ကန်းကိုလက်ခံရရှိသည့်နေ့မှာပင် နေ့ချင်း ကထိန်ခင်းရသည်။ နောက်နေ့မှ ကထိန်ခင်းလျှင် ကထိန်အမှု အထမမြောက်တော့ပေ။ နေ့မကူးသော မသိုးသင်္ကန်းဖြင့် ကထိန်ခင်းရသည့်အပြင် ထိုသင်္ကန်းမဟုတ်ဘဲ အခြားသင်္ကန်းဖြင့်လည်း ကထိန်ခင်းမရပါ။ ကထိန်ခင်းရမည့် ရဟန်းသည် ဒါယကာ ဒါယိကာမက မိမိသဒ္ဓါအလျောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမှုကို လက်ခံရရှိမှသာ ကထိန်ခင်းခွင့်ရပါသည်။ ရဟန်းသည် ဒါယကာ ဒါယိကာမကို မိမိကျောင်း၌ ကထိန်အလှူပြုရန် တောင်းဆိုခွင့်၊ တိုက်တွန်းခွင့်မရှိပါ။ အလှူရှင်ကလည်း သံဃာသဒေမ- ဤသင်္ကန်းကို သံဃာရည်မှန်း လှူဒါန်းပါသည် ဆိုပါမှလည်း ကထိန်ခင်းခွင့်ရပြီး အကျိုးတရားများ မှန်မှန်ကန်ကန်ရရှိနိုင်သည်။

**တစ်နှစ်တွင်တစ်ခါသာ လှူဒါန်းခွင့်ရ**

ကထိန်အလှူသည် တစ်နှစ်တွင် တစ်ခါသာ လှူဒါန်းခွင့်ရပါသည်။ ထိုတစ်ခါမှာလည်း သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလအတွင်း၌သာ လှူဒါန်းခွင့်၊ ကထိန်ခင်းခွင့်ရပါသည်။ ထိုတစ်လတာအတွင်း တစ်ကျောင်း၌ တစ်ကြိမ်သာ အခွင့်ရသည်။ ကထိန်ခင်းရန် ကျောင်းတိုက်တွင် သိမ်ရှိရမည်။ လေးပါးအထက်ရှိသော ရဟန်းများရှိရမည်။ ထိုအချက်များပြည့်စုံမှသာ ကထိန်ခင်းမှု အထမြောက် အောင်မြင်ပါသည်။ ကထိန်အလှူကို အမြင့်မြတ်ဆုံးအလှူဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကထိန်အလှူသည် ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းသောအလှူဖြစ်သောကြောင့်ဟု အဋ္ဌကထာတွင်ဖွင့်ဆိုထားသည်။ ကထိန်အလှူသည် (၁)သံဃာကို ရည်မှန်းပြီး လှူဒါန်းသည့် သံဃိကအလှူဖြစ်ရခြင်း၊ (၂) သတ်မှတ်ချိန်ကာလအတွင်းမှာပင် လှူဒါန်းရသည့် ကာလဒါနဖြစ်ခြင်း၊ (၃) အခြားဝတ္ထုပစ္စည်းများမဟုတ်ဘဲ အရဟတ္တဓဇခေါ် ရဟန္တာတို့၏ အလံတံခွန်သဖွယ်ဖြစ်သော အဝတ်သင်္ကန်းဖြင့်သာ ကထိန်ခင်းနိုင်ခြင်း၊ (၄) ယင်းအလှူကိုအကြောင်းပြု၍ ရဟန်းတော်များ ဝိနည်းသိက္ခာပုဒ်အချို့ကို ငါးလတိုင်တိုင်ကင်းလွတ်ခွင့်ရခြင်းဟူသော ထူးခြားကောင်းမြတ်သည့် အချက်များနှင့်ပြည့်စုံသဖြင့် အမြတ်ဆုံးအလှူဟု ခေါ်ဆိုနိုင်ပေသည်။

ကထိန်အလှူ၏အကျိုးအာနိသင်ကို ရဟန်းတော်တို့ ရရှိခံစားရသကဲ့သို့ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသည့် အလှူရှင်သည်လည်း အလားတူအကျိုးတရားငါးပါးရရှိပါသည်။ အလှူရှင်သည် အေးချမ်းလွတ်လပ်သောဘဝမျိုးကိုရရှိပြီး သွားလိုရာကို အန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်း၊ အချုပ်အနှောင်မှလွတ်ကင်းခြင်း၊ အစားအသောက်များကို အဆိပ်အတောက်အန္တရာယ်မရှိဘဲ စားသုံးနိုင်ခြင်း၊ မိမိကို သူတစ်ပါးကမလွှမ်းမိုးနိုင်ခြင်း၊ စားသောက်ဖွယ်ပေါများ၍ အလိုရှိသလို သုံးဆောင်နိုင်ခြင်း၊ မိမိကသာ နေရာတကာအစိုးရခြင်း (အများက မိမိသဘောလိုက်ရခြင်း) ဟူသောအကျိုးတရားများရရှိစေနိုင်မည်ဖြစ်သည်။

**မသိုးသင်္ကန်း**

တန်ဆောင်မုန်းလတွင် သံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ ပြုလုပ်သည့်အပြင် မသိုးသင်္ကန်းရက်လုပ်၍ မြတ်စွာဘုရားကို ဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်သည့် အစဉ်အလာလည်းရှိသည်။ လက်ရက်ကန်းခတ်သော လုံမပျိုများက မသိုးသင်္ကန်းရက်လုပ်ကြကာ မြတ်စွာဘုရားရှင်ကို ရည်မှန်းလှူဒါန်းကြပါသည်။ မသိုးသင်္ကန်းဆိုသည်မှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ညဦးမှ စတင်ရက်လုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် အပြီးသတ်ရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သည်။ အချိန်မီ ရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်၍လည်း မသိုးသင်္ကန်းဟု ခေါ်ဝေါ်သမုတ်ကြသည်။

ကထိန်အလှူ၌ သင်္ကန်းကိုသာလှူဒါန်း၍ ကထိန်ခင်းရသော်လည်း အခြားလှူဖွယ်ပစ္စည်းများကိုလည်း သံဃာတော်များအလိုရှိရာ သုံးစွဲနိုင်စေရန် ရည်ရွယ်၍ ရှေးဘိုးဘွားများလက်ထက်မှစ၍ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလာခဲ့ရာ ယနေ့အချိန်အခါတွင် ပဒေသာပင်များပြုလုပ်၍ လှူဖွယ်ပစ္စည်းမျိုးစုံ ပူးတွဲလှူဒါန်းကြပါသည်။ ကထိန်အလှူရှင် တစ်ဦးတည်း လှူဒါန်းနိုင်သကဲ့သို့ အများစုပေါင်း၍ ဘုံကထိန်အဖြစ်လည်းလှူဒါန်းနိုင်သည်။ စာရေးသူတို့မြို့ရွာများတွင် စာသင်ကျောင်းကထိန်၊ ဈေးကထိန်၊ ရပ်ကွက်ကထိန်၊ ရုံးကထိန်စသည်ဖြင့် ဘုံကထိန်ပွဲများကို ကျင်းပလှူဒါန်းကြပါသည်။ လှူဖွယ်ပစ္စည်း ပဒေသာပင်များနှင့်တကွ ပရိသတ်စုံလင်စွာဖြင့် မြို့ရွာအတွင်းလှည့်လည်ကာ အများကိုလည်း ကြည်ညိုသဒ္ဓါပွားစေပါသည်။ ထို့နောက် ကထိန်ခင်းမည့် ကျောင်းတိုက်သို့သွားရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံဃာတော်များက ကထိန်ခင်းပြီး ဆရာတော်များချီးမြှင့်သည့် ကထိန်တရားကို နာယူကာ ဝမ်းမြောက်ခြင်းအနုမောဒနာဖြင့် သာဓုခေါ်ဆိုကြပါသည်။ ။

# ပဲခူးမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်



ပဲခူး အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို အောက်တိုဘာ ၂၆ ရက်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတက္ကသိုလ်၌ ကျောင်းဖွင့်ချိန်အမီ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး တက္ကသိုလ်အတွင်း အစဉ်အမြဲ သန့်ရှင်းသပ်ရပ်စေရေး၊ စိမ်းလန်းစိုပြည်စေရေး၊ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်း(ဝဲ/ယာ)၊ အများနှင့်သက်ဆိုင်သောပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

ညောင်ဦး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီက မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ညောင်ဦးမြို့၊ ပုဂံမြို့သစ်နှင့် ပုဂံမြို့ဟောင်းရှိဒေသခံပြည်သူများနှင့် ကျောင်းနေအရွယ်ကလေးများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် စပ်လျဉ်း၍ လိုက်နာရမည့် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးများ၊ မသန့်ရှင်းသောရေနှင့် အစားအစာများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလေ့ရှိသည့် အချိန်ကာလနှင့် ရောဂါလက္ခဏာများအကြောင်း၊ ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် အချိန်မီဆေးဝါးကုသမှုများခံယူကြရန် စသည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရပ်ကွက်/ကျေးရွာများအတွင်း လှည့်လည် အသိပေးနှိုးဆော်ခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဗီနိုင်းပိုစတာများကို လမ်းဆုံ၊ လမ်းခွနေရာများတွင် ချိတ်ဆွဲပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရပ်စောက်မြို့နယ်၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အဆိုပြုယှဉ်ပြိုင်ထားသောကျောင်းသို့ ကွင်းဆင်းစစ်ဆေး

ရပ်စောက် အောက်တိုဘာ ၂၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အဆိုပြုဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ရပ်စောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(အုန်းကွဲ)အား ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး ဆုစိစစ်ရွေးချယ်ရေးအဖွဲ့က သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် အခြေခံပညာဦးစီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စည်ပင်သာယာရေး ဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပါဝင်သည့် ကော်မတီဝင်များက ဆုရွေးချယ်နိုင်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းခွဲ(အုန်းကွဲ)ရှိ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဆုချီးမြှင့်လျှောက်ထားရာတွင် အခြေခံစံနှုန်းများ၊ အညွှန်းကိန်းများနှင့်အညီ ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းအကဲဖြတ် စစ်ဆေးခဲ့ကြရာ ကျောင်းအုပ် ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက ကျောင်းတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွား တိရစ္ဆာန်အစာပင် ၇၉၀၈ ဧက လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွား တိရစ္ဆာန်အစာပင် ၇၉၀၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ရာ သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ဒေသခံတောင်သူများက နိုဝင်ဘာလပထမပတ်မှစ၍ စတင်စိုက်ပျိုးနိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိသည်။

"ပွင့်ဖြူမြို့နယ်မှာ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွဲ၊ နွား တိရစ္ဆာန်အစာပင် ၇၉၀၈ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ အဓိကစိုက်ပျိုးတဲ့ ကျွဲ၊ နွား တိရစ္ဆာန်အစာကတော့ နှံစားပြောင်း၊ နေဗီယာမြက်နဲ့ ပဲသီးနှံတွေကို စိုက်ပျိုးကြပါတယ်။ ဒေသတွင်းရှိ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက် အစာရှားပါးမှုမဖြစ်စေဖို့နဲ့ ဝင်ငွေတိုးပွားရေးအတွက် မွေးမြူထားရှိတဲ့ ကျွဲ၊ နွား တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ဖို့ ကျွဲ၊ နွား တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး လျာထားစိုက်ဧက ပြည့်မီအောင် မျိုးစေ့တွေ ဖြန့်ဖြူးတာ၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမယ့် နည်းပညာတွေ အသိပညာပေးတာတွေ စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကျွဲ၊ နွား တိရစ္ဆာန်အစာ ဖူလုံစေရန်အတွက် နှစ်စဉ်ဆောင်းသီးနှံ စိုက်ပျိုးရာသီချိန်တွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိရှိ အသုံးချပြီး နှံစားပြောင်း၊ ပဲမျိုးစုံသီးနှံ ၊ နေဗီယာမြက်နှင့် ဖူးစားပြောင်း တို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျောက်ဆည်မြို့နယ်၌ ရုံးပတီသီးများ စတင်ခူးဆွတ်ရောင်းချ

ကျောက်ဆည် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပြည်သူများ အနေဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း နေ့စဉ်ဝင်ငွေရရှိရေး ကာလတို/ကာလရှည် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရောင်းချလျက်ရှိရာ ညောင်ပင်ဇောက်ကျေးရွာတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စတင်ခူးဆွတ်ရောင်းချသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီသီးနှံသည် မိသားစုတစ်ပိုင်တစ်နိုင် ကုန်ကျငွေနည်းနည်းဖြင့်စိုက်ပျိုးနိုင်ပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် ရုံးပတီသီးနှံသည် စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ကျော်ပါက စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ရေကြိုက်နှစ်သက်သဖြင့် ရေသွင်း/ရေထုတ်လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာတွင် မြေကျင်းတူး၍ အစေ့တိုက်ရိုက်ချ စိုက်ပျိုးနိုင်ကြောင်းနှင့် လိုအပ်သည့်အချိန်များတွင် မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးပေးခြင်းများနှင့် သဘာဝရောဂါပိုး ကာကွယ်နှိမ်နင်းဆေးများ ဖျန်းပေးပါက အသီးအထွက်နှုန်းကောင်းမွန်ကာ ရက်ပေါင်း ၉၀ အထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၂၃-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

သည်အချိန်မှာ ကျွန်တော်ကိုယ်တိုင်ပင် အပေါင်းအသင်းများကို ကျွေးချင်မွေးချင်စိတ်ပေါ်နေသဖြင့် သူတို့ကို အမှန်အတိုင်း ပြောပြလိုက်၏။ ကျွန်တော့်စကားအဆုံး စန်းလွင်က –

"ဒါဖြင့် လာ ကိုယ်တော်လေး၊ ဘာမှ မစဉ်းစားနဲ့။ ငါတို့ မတရားမညှဉ်းဆဲဘူး။ လှည်းတန်းသွားမယ်၊ မော်လမြိုင်ထမင်းဆိုင်မှာ ထမင်းအဝကျွေး။ ထမင်းမစားခင် အစာကြေဆေးလေးနည်းနည်းဖြည့်၊ ဒါပဲ"

"ဟုတ်တယ်၊ တို့အားလုံးသဘောတူတယ်"

ကန့်ကွက်မဲတစ်ချပ်မှ ဝင်မလာသဖြင့် ကျွန်တော်တို့အားလုံး လှည်းတန်းသို့ ချီတက်သည်။

ကျွန်တော့်ရင်ထဲတွင် မနက်ဖြန်အတွက် ရင်တလှပ်လှပ်ခုန်နေ၏။

စောစောက ပြောခဲ့သည်မှာ ဘာမှန်းမသိသော ကံဆိုသည့်အရာသည် ကျွန်တော့်အတွက် တစ်သက်လုံး ကောင်းမှကောင်းနိုင်ပါ့မလားတွေးမိသည်။ ရယ်ရလွန်းသောသူသည် ငိုရတတ်၏ဟုလည်း ကြားဖူးသည်။ ကံဆိုသည်မှာ အလှည့်နှင့် အဆိုးအကောင်းကို ဖန်တီးပေးနေတတ်ခြင်းသဘောအား ကျွန်တော် မေ့လို့မဖြစ်ပါချေ။

* * * * *

မြူနှင်းများကြားတွင် ကံ့ကော်ပွင့်လေးများကို တွေ့လိုက်ရသည်။

ပွင့်ဦးလေးများဖြစ်သဖြင့် ဝေဝေဆာဆာကြီးမဟုတ်။ ရွက်စိမ်းပြန့်ပြန့်လေးများကြားတွင် ဟိုမှာတစ်ပွင့်၊ သည်မှာတစ်ပွင့်။ အပင်အောက်တွင် ကလေးနှစ်ယောက်နှင့် ကျောင်းသားလေးယောက် ရောက်နေကြသည်။ ဟိုတစ်ပွင့် သည်တစ်ပွင့် လက်ညှိုးညွှန်၍ အပင်ပေါ်တက်ရန် ပြင်သူပြင်၊ တံချူဖြင့်ချူရန် ပြင်သူပြင် လုပ်နေကြ၏။

ကံ့ကော်ပွင့်လေး တစ်ပွင့်လောက် ယူသွားရလျှင် ကောင်းမလားဟု တွေးသည်။ သို့သော် သည်လူအုပ်နှင့် ကိုယ်လုခူးနေချိန်မရ။

နောက်မှပဲလေဟု ဖြေတွေး၍ ဒဂုံလမ်းအတိုင်း တောင်ငူဆောင်ဘက်သို့ လျှောက်လာခဲ့သည်။

ပြောရမည့်စကားကို စဉ်းစားမိသည်။ အတွေးစလျှင်စချင်း ညတုန်းက လှည်းတန်းမှအပြန် မူးမူးနှင့်ပြောလာသော ပေါ်ဦးစကားများကို သတိရသည်။

"ဒီမှာ ထွန်းဝေ၊ မင်းကို ငါတစ်ခုပြောမယ်။ ခင်လေးကို မင်းဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်။ မင်းနဲ့ပတ်သက်လို့ ငါ ဘယ်လောက် သဘောတူတယ်ဆိုတာလည်း မင်းသိတယ်။ ဒါပေမဲ့ ..."

ကျွန်တော့်ပခုံးကို ဖက်ထားသော ပေါ်ဦးက မှီထားရာမှ အနည်းငယ်ခွာလိုက်သည်။ သူ့စကားများကြောင့် ကျွန်တော်၏ လွင့်နေသောအာရုံသည် တည်ငြိမ်သွား၏။ ရီဝေသောဦးနှောက်များသည် သူ့ထံမှ နောက်ထပ်ပေါ်လာမည့်စကားများကို မျှော်လင့်နေမိသည်။

"ခင်လေးနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းထဲမှာ ငါလိုလူမျိုး ငါတစ်ယောက်တည်းပါလိမ့်မယ် ထွန်းဝေ။ အဲဒါ မင်းသိထားဖို့အချက်ပဲ။ ပြောရရင်ကွာ သူတို့စိတ်မှာ တော်ရုံလူကိုတောင် လူလို့ထင်မှာမဟုတ်ဘူး။ မင်းနဲ့ ခင်လေးကိစ္စ သူတို့သိရင် မိုးမီးလောင်လိမ့်မယ်"

ပြောလက်စ စကားကို သူခဏရပ်သည်။ ထို့နောက် ခေါင်းကို တစ်ချက်ဆတ်ခါလိုက်ပြီး –

"လာ ဟေ့ကောင်၊ တို့ ဒီပုံစံနဲ့ အဆောင်ပေါ် မတက်ချင်သေးဘူး။ ဟိုအပင်ကြီးအောက်မှာ ခဏထိုင်မယ်"

တောင်ငူဆောင်ဘေးကွက်လပ်ရှိ တောင်ပိန္နဲပင်ကြီးအောက်ကို လက်ညှိုးညွှန်သည်။ ကျွန်တော်က နောက်ဘက်ခပ်လှမ်းလှမ်းမှ ပါလာသော စန်းလွင်တို့အုပ်စုကို လှည့်ကြည့်သည်။ သူတို့လည်း သုံးယောက်သား ပခုံးဖက် ခေါင်းချင်းဆိုင်၍ ဆူပွက်နေအောင် စကားပြောလာကြသည်။

ကျွန်တော်နှင့် ပေါ်ဦးသည်ပင် အောက်မြေရှင်းရှင်းနေရာတွင် သည်အတိုင်း ထိုင်ချလိုက်၏။

"ဟေ့ကောင်တွေ ငါတို့သွားနှင့်မယ်"

အောင်လင်း၏အသံ ခပ်လေးလေး ပေါ်ထွက်လာ၏။ ကျွန်တော်က –

"အေး . . . သွားနှင့်၊ ငါတို့ ဒီမှာထိုင်ဦးမယ်"

သူတို့အုပ်စုသည် စောစောက ပြောလက်စ စကားကို ဆက်လက်ငြင်းခုံရင်း တောင်ငူဆောင်တံခါးမှထွက်၍ အဆောင်ဘက်လျှောက်သွားသည်။ ပေါ်ဦး၏ ခပ်လေးလေးအသံ ပြန်ပေါ်လာ၏။

"ခင်လေးကိုတော့ ငါယုံတယ်။ သူ့မှာ ဒီကိစ္စမျိုးမရှိဘူး။ ဒါလည်း သိပ်ပြောစရာမလိုပါဘူးကွာ။ မင်းလည်းသိမှာပါ။ ဒါပေမဲ့ မင်းတို့ လွယ်လွယ်နဲ့တော့ အဆင်ပြေမှာမဟုတ်ဘူးလို့ ငါထင်တယ်"

ကျွန်တော် သူ့ကို ဘာမှဝင်မပြောဖြစ်။ မြေညီညီသဲပြင်ကိုလက်ညှိုးဖြင့်ခြစ်ရင်း နားထောင်နေမိသည်။

"မင်း အခုလို အလုပ်အကိုင်လေး အဆင်ပြေသွားတာ ငါ သိပ်ဝမ်းသာတယ်။ တကယ်ပြောတာ ထွန်းဝေ၊ မင်း ငါပြောတာ ယုံလား။ ငါသိပ်ဝမ်းသာတယ်၊ တကယ်ပြောတာ"

သူ တော်တော်ထွေနေပြီဖြစ်ကြောင်း သတိပြုမိသည်။ စကားလုံးများ ထပ်လာပြီး ကျွန်တော့်အဖြေကို သူက စကားရပ်ပြီးစောင့်နေသဖြင့် –

"ယုံပါတယ် ပေါ်ဦးရာ၊ မင်းမှမယုံရင် လောကကြီးမှာ ငါ ဘယ်သူ့ကို သွားယုံရမလဲ"

ပေါ်ဦးက ခေါင်းကို ခပ်လေးလေးညိတ်သည်။

"အေး . . . မင်း ငါ့ကိုယုံရင် ငါပြောတာ သေသေချာချာ နားထောင်။ မင်းအလုပ်ကို မင်း သေသေချာချာလုပ်။ ပြီးတော့ ပိုက်ဆံလည်းစုထား။ မင်းတို့ပြဿနာက တစ်နေ့မဟုတ်တစ်နေ့ အကြီးအကျယ်တက်မှာပဲ သေချာတယ်။ မင်းတို့ ပြဿနာအကြီးအကျယ်တက်လိမ့်မယ် သေချာတယ်"

ညကတည်းက စွဲနေခဲ့သော သူ့စကားများသည် အိပ်ရာဝင်သည်အထိ ပျောက်မသွားသလို ခုလည်း နားထဲတွင် ပဲ့တင်ထပ်နေ၏။

ကျွန်တော် သက်မကို လေးလံစွာချမိသည်။ ရင်ထဲတွင် ပူပန်မှုလေးများ ခိုကပ်လာသည်။ အမှန်တော့ အစကတည်းက ခင်လေး၏အခြေအနေနှင့် ကျွန်တော်၏ အခြေအနေအရ ဘယ်နည်းနှင့်မဆို ပြဿနာဆိုတာ ရှိကိုရှိရမည်ဟု တွက်ဆပြီးသား။

သို့သော် ခုထိ ဘာပြဿနာမှ မတွေ့သေး။ ပူပန်နေသည်မှာ အနာဂတ်အတွက်။ အနာဂတ်တွင် ပေါ်ဦးပြောသလို ကြီးမားသော ပြဿနာတစ်ရပ် တကယ်ပင် စောင့်နေသလား။

သည်ပြဿနာဆိုတာကြီးကို ပြေးတွေ့လိုက်ချင်သည်။ မြန်မြန်တွေ့ချင်သည်။ ပြဿနာ၏ အတိုင်းအဆကို မခန့်မှန်းနိုင်ဘဲ တထိတ်ထိတ် စောင့်နေရတာထက်စာလျှင် လတ်တလော တွေ့ကြုံဖြေရှင်းပစ်လိုက်ချင်သည်။




လောကမှာ ပြဿနာတို့မည်သည် လူကလုပ်မှဖြစ်သည်ဟု ကျွန်တော်ယုံသည်။ လူလုပ်၍ ဖြစ်လာသောပြဿနာကို လူတစ်ယောက်သည် ဘာကြောင့် မဖြေရှင်းနိုင်ရမည်နည်း။ အပင်ပန်းကြီးနှင့် အပင်ပန်းကလေးသာ ကွာမည်။ မဖြေရှင်းနိုင်မရှိဟု ကျွန်တော်ယုံသည်။

လိုသည်မှာ သတ္တိနှင့် ယုံကြည်မှု။

ခင်လေးသာ ကျွန်တော့်ဘက်တွင်ရှိပါစေ။ မည်သည့်ပြဿနာသည် မည်မျှပင်ကြီးစေ၊ ကျွန်တော့်လက်အောက်၌ စီစီညက်ညက် ခြေပစ်နိုင်သည်။ ခုအနေအထားမျိုးကိုတော့ ကျွန်တော် မကြိုက်။

ရှိမည်၊ ရှိမည်သာ ကြားနေရသည်။ ပြဿနာကို မတွေ့။ အဲ.... မတွေ့ဆိုသည်တော့ သိပ်မဟုတ်ချင်။ ကိုကိုလတ်ကိစ္စကိုတော့ မေ့ထား၍မရ။ ဒါလည်း ထားပါလေ၊ ဒါကတော့ ခင်လေး ကျွန်တော့်ဘက်ရှိလျှင် အလိုလိုပြေလည်သွားမှာပါ။

သွားနေကျခြေလှမ်းများဖြစ်သဖြင့် မန္တလေးဆောင်ရှေ့သို့ အလိုအလျောက် ရောက်လာသည်။ ခင်လေး မရောက်သေး။

တက္ကသိုလ်ကို နှင်းတို့ နှုတ်ဆက်နေကြပြီ။

* * * * *

"ဟော"

ခင်လေးသည် ကားပေါ်မှ ဆင်းဆင်းချင်း ကျွန်တော့်ကို အံ့သြဝမ်းသာသော အာမေဍိတ်ကိုပြု၏။

"အစောကြီးပါလား၊ ကိုကိုရောက်နေတာ ကြာပြီလား" ကားနားတွင် ဟန်မပျက်ရပ်နေ၍ကား နောက်ပြန်လှည့်၍ မောင်းထွက်သောအခါမှ ရွှင်လန်းသော အပြုံးဖြင့်ပြောရင်း ကျွန်တော့်ဆီ လက်ကမ်းသည်။

ကျွန်တော်က သူကမ်းလာသောလက်ကို လှမ်းဖေးရင်း ကျွန်တော့်ဘေးကို ဝင်ထိုင်စေ၏။

"ခုပဲရောက်တာပါ၊ ခင်လေးကို ပြောစရာရှိလို့"

"အင်း . . . ပြော"

ကလေးလေးလို နွဲ့တဲ့တဲ့ဟန်ဖြင့် စကားထောက်ပေးသော သူ့အမူအရာကြောင့် မရိုးမရွဖြစ်လာသော ကျွန်တော်က သူ့ခါးလေးကို ခပ်တင်းတင်း သိမ်းဖက်ရင်း –

"ကိုယ် အလုပ်ရပြီ"

"ဟယ် . . . တကယ်"

ကျွန်တော် ပြုံး၍ ခေါင်းညိတ်ပြလိုက်ရင်း –

"တကယ်ပေါ့၊ လခ လေးရာတောင်"

"အို . . . ဟန်ကျလိုက်တာပေါ့၊ ဝမ်းသာလိုက်တာ ကိုကိုရယ်"

"ဟား .... ဟား ... ဟား"

ကျွန်တော့်နောက်ဘက်ဆီမှ ဖြတ်သွားသော ကျောင်းသားတစ်သိုက်၏ရယ်သံကြောင့် အတွေးသည် ပြတ်တောက်သွား၏။

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

အတွေးထဲတွင် ကြည်နူးပျော်ရွှင်ခဲ့ရသော အဖြစ်ကလေးသည် ရုတ်တရက် ပြယ်လွင့်သွား၏။ စောစောက ခင်လေးကို ထိုင်စောင့်နေစဉ် ယဉ်မိသောစိတ်ကူးထဲမှ ခင်လေးသည် ယခုလက်ရှိ အခြေအနေက ခင်လေးကို စောင့်နေရတာကြာပြီဖြစ်သော်လည်း ခင်လေး ခုထိ မလာသေး။

ဘာများဖြစ်လို့ပါလိမ့်။

ကျွန်တော် နာရီကို ငုံ့ကြည့်လိုက်၏။ ရှစ်နာရီ ဆယ်မိနစ်ရှိပြီ။ အတန်းတက်ရဦးမည်ဆိုသည်ကို သတိရလာ၏။ တက္ကသိုလ်ရိပ်သာလမ်းဘက် မျှော်ကြည့်သည်။

ခင်လေးတို့ ကားနှင့်တူသော အရိပ်အယောင်ပင် မမြင်ရသေး။

"ခင်လေး ဘာဖြစ်လို့ ကျောင်းနောက်ကျနေပါလိမ့်။ ကျောင်းများ မတက်ဘူးလား"

ပူပန်သောကစိတ်များ ဝင်လာပြန်သည်။ စောစောက စိတ်ကူးထဲတွင် ကြည်နူးလိုက်ရသောအဖြစ်ကလေးသည် ဘယ်ဆီရောက်သွားပြီမသိ။

စာသင်ချိန် နောက်ကျနေသော ကျောင်းသားတချို့နှင့် ကျောင်းသူတချို့သည် သုတ်သီးသုတ်ပျာ အခန်းတွင်းဝင်နေကြသည်။

"ဟေ့ကောင် . . . ဘာလုပ်နေတာလဲ"

ကျော်ညွှန့်အသံ ဖျတ်ခနဲ ကြားသည်။ သူလည်း ကျောင်းနောက်ကျဟန်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ခင်လေးသာ ကျွန်တော့်ဘက်တွင်ရှိပါစေ။
မည်သည့်ပြဿနာသည် မည်မျှပင်ကြီးစေ၊
ကျွန်တော့်လက်အောက်၌
စီစီညက်ညက် ခြေပစ်နိုင်သည်။
ခုအနေအထားမျိုးကိုတော့ ကျွန်တော်မကြိုက်။
ရှိမည်၊ ရှိမည်သာ ကြားနေရသည်။ ပြဿနာကိုမတွေ့။
အဲ.... မတွေ့ဆိုသည်တော့ သိပ်မဟုတ်ချင်။
ကိုကိုလတ်ကိစ္စကိုတော့ မေ့ထား၍မရ။
ဒါလည်း ထားပါလေ၊ ဒါကတော့ ခင်လေး
ကျွန်တော့်ဘက်ရှိလျှင် အလိုလိုပြေလည်သွားမှာပါ

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နှစ်ရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ငါးရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

# 36th Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM)၏ (၃၆) ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ Junior Golf Myanmar (JGM) မှ အမှုဆောင်များ၊ အားကစားသမားများ၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြိုင်ပွဲလက်ခံကျင်းပပေးသော ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) နှင့် Singha Thailand Junior World Golf Championship 2024




ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများအား ပြိုင်ပွဲဝင်အင်္ကျီများ ပံ့ပိုးပေးသော Tee off Golf Apparel အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေနှင့် Tee off Golf Apparel မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းထွန်းတို့က လက်ခံရယူသည်။

ထို့နောက် Junior Golf Myanmar (JGM) အလုပ်အမှုဆောင် ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က အမျိုးသမီး ၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် တတိယဆုရရှိသော နန်းစိုင်အွမ်ငင်း၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အသက် ၁၄ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၆ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်း၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော ထွန်းထွန်းဦး၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်က အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် တတိယဆုရရှိသော ကောင်းထက်၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ဒုတိယဆုရရှိသော မင်းခန့်သော်၊ စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးထွဋ်အား ဆုများပေးအပ်ချီးမြှင့်သည်။

36th Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သည်။ **သတင်း - ကိုညီလေး ဓာတ်ပုံ - MGF**

# အင်းစိန်မြို့နယ်၌ သုတစာပေ စာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) မြို့နယ်စာပေဥယျာဉ် (Book Club) နှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် ပြည်သူများဗဟုသုတရရှိရေး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် သုတစာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ် စာပေဥယျာဉ်အသင်းနာယကကြီးများဖြစ်ကြသော ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ ဦးသက်တင် (မောင်သာတင့်-မြန်အောင်)၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားပြောကြားကြပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ပြည်သူများ ဗဟုသုတတိုးပွားရေး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာအသင်းဝင်များဖြစ်ကြသည့် ငြိမ်းဆုသွယ် (မြေလတ်သူ)က အထွက်တိုးစပါးစိုက်ပျိုးရေးအကြောင်း၊ စိန်ညိုမင်း (ထန်းတပင်)က ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များအကြောင်း၊ ဝင်းနွယ်(ပုသိမ်)က ဒေါက်တာမတင်ဝင်း ရေးသားသော မင်းယောက်ျား မင်းမိန်းမအကြောင်းတို့ကို ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသည့် ရန်မိုးအောင် (အင်းစိန်)၊ အောင်ချစ်မိုး (မင်္ဂလာဒုံ)၊ ကျော်ဇင်ဝင်း (မရမ်းကုန်း)၊ မင်းသီဟရာဇာ (လှိုင်သာယာ)၊ အောင်ငယ်စစ်(အင်းစိန်)နှင့် လှိုင်မေသစ်ဦးကြည်တို့က မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်(မောင်မောင်ဝင်းမြင့်-မှူခင်း)က ကျေးဇူးတင်စကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူများအား အသင်းတာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**



※ ကမ္ဘာ့ဖလားမှ

ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ထိုင်းအသင်းက တတိယ(ကြေးတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသား + အမျိုးသမီး (၁၀) တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ ထိုင်းအသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် အင်ဒိုနီးရှားအသင်းက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား(၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ ဟောင်ကောင်အသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ(ကြေးတံဆိပ်)ဆုကို လည်းကောင်း၊ အမျိုးသား + အမျိုးသမီး (၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင်မြန်မာအသင်းက စတုတ္ထအဆင့်ကို လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

**ပြိုင်ပွဲရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာလှေလှော်အဖွဲ့သည် ပြိုင်ပွဲ ရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခုနှင့် စတုတ္ထအဆင့်ကို ရရှိကာ စုစုပေါင်း ဆုတံဆိပ် ရှစ်ခုရရှိခဲ့ပြီး အဆိုပါပြိုင်ပွဲများသို့ အိမ်ရှင် တရုတ်အသင်း၊ ဥရောပအသင်းများ၊ အာရှအသင်းများနှင့် အာဆီယံနိုင်ငံများမှ အသင်းပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာလှေလှော်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ၂၀၂၄ ခုနှစ်အတွက် ဘလွန်းဒီအောဆု ဘယ်ကစားသမား ရရှိမလဲ



ကမ္ဘာ့အကောင်းဆုံးကစားသမားကို ရွေးချယ်ပေးအပ်ချီးမြှင့်တဲ့ ၂၀၂၄ ခုနှစ်အတွက် ဘလွန်းဒီအော ဆုပေးပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပတော့မှာ ဖြစ်ပါတယ်။

ယခုပေးအပ်ချီးမြှင့်မယ့်ဘလွန်းဒီအောဆုဟာ (၆၈)ကြိမ်မြောက်ဖြစ်ပြီး ၁၉၅၆ ခုနှစ်ကတည်းက ပြင်သစ်မဂ္ဂဇင်း France Football က နှစ်စဉ်ပေးအပ် ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ အဲဒီဘလွန်းဒီအောဆုကို အမျိုးသားနဲ့ အမျိုးသမီးဘောလုံးပြိုင်ပွဲတွေမှာ အကောင်းဆုံးစွမ်းဆောင်ရည် ပြနိုင်ခဲ့တဲ့ ကစားသမားကိုသာ ရွေးချယ်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကိုတော့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီက ရရှိခဲ့တာဖြစ်ပြီး ယခုနှစ်အတွက် ဘလွန်းဒီအောဆုကို အမျိုးသားနဲ့ အမျိုးသမီး ဘောလုံးကစားသမားတွေထဲက ကစားသမား ၃၀ အထိ အမည်စာရင်း တင်သွင်းခံထားရတာ ဖြစ်ပါတယ်။

အဲဒီကစားသမားတွေထဲမှာ အမျိုးသားဘလွန်းဒီအောဆုအတွက် အင်္ဂလန်နိုင်ငံကိုယ်စားပြု ကစားသမား ခြောက်ဦးအထိ ပါဝင်ခဲ့ပြီး အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်း၊ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဘယ်လင်ဂမ်၊ ဖီးလ်ဖိုဒန်၊ ဒီကလန်ရိုက်၊ တိုက်စစ်ကစားသမားတွေဖြစ်တဲ့ ဘူကာယိုဆာကာနဲ့ ကိုးလ်ပယ်မာတို့ ပါဝင်နေတာ ဖြစ်ပါတယ်။

ဒါ့ပြင် အင်္ဂလန်ပရီမီယာလိဂ်မှာ ပါဝင်ကစားနေတဲ့ ရူဘင်ဒိုင်ယက်စ်၊ မာတီနက်ဇ်၊ အိုဒီဂတ်နဲ့ ဝီလီယံဆာလီဘာတို့လည်း အမည်စာရင်းတင်သွင်းခံထားရတာ ဖြစ်ပါတယ်။ ယခုနှစ်အတွက် အမည်စာရင်းတင်သွင်းခံထားရတဲ့ ကစားသမားတွေထဲမှာ ဘလွန်းဒီအောဆုကို ရှစ်ကြိမ်အထိ ရယူဆွတ်ခူးထားတဲ့ လီယွန်နယ်မက်ဆီနဲ့ ငါးကြိမ်အထိ ဆွတ်ခူးထားတဲ့ စီရိုနယ်လ်ဒိုတို့ကတော့ ပါဝင်လာခဲ့ခြင်း မရှိတာ ဖြစ်ပါတယ်။

### မဲပေးရွေးချယ်

အမျိုးသမီး ကစားသမားတွေကို ပေးအပ်ချီးမြှင့်မယ့် ၂၀၂၄ ခုနှစ်အတွက် ဘလွန်းဒီအောဆုကိုတော့ အင်္ဂလန်အမျိုးသမီးအသင်းမှ လော်ရန်ဂျိမ်းစ်၊ လူစီဘရောင်းနဲ့ လော်ရန်ဟမ့်တို့ ပါဝင်နေတာ ဖြစ်ပါတယ်။ ဘလွန်းဒီအောဆုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ ကမ္ဘာ့အဆင့် ၁၀၀ အတွင်း ဝင်ရောက်ခဲ့တဲ့ နိုင်ငံပေါင်း ၁၀၀ မှသတင်းစာဆရာတွေက မဲပေးရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ၂၀၂၄ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်မယ့် ဘလွန်းဒီအောဆုကို ရရှိနိုင်မယ့် ကစားသမားတွေထဲမှာ ရေပန်းအစားဆုံးကတော့ ရီးယဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ဗီနီစီးယပ်ဂျူနီယာပဲ ဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ဗီနီစီးယပ်ဂျူနီယာဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၄ ဂိုးသွင်းယူပေးခဲ့ပြီး ဂိုးဖန်တီးမှု ၁၁ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့ပြင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် လာလီဂါဆုဖလားနဲ့ (၁၅)ကြိမ်မြောက်ချန်ပီယံလိဂ်ဆုဖလားတို့ကိုလည်း ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘရာဇီးတိုက်စစ်မှူး ဗီနီစီးယပ်ဂျူနီယာဟာ ပြီးခဲ့တဲ့နှစ် ဇွန်လအတွင်းက ဝင်ဘလေကွင်းမှာ ဒေါ့မွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဗီနီစီးယပ်ဂျူနီယာဟာ ယခုနှစ်အတွင်းမှာ ဘရာဇီးလက်ရွေးစင်အသင်းနဲ့အတူ ကိုးပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် ကိုပါအမေရိက ပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်အဆင့်ကနေ ထွက်ရမယ့်အနေအထားကိုတော့ မကာကွယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဗီနီစီးယပ်ဂျူနီယာရဲ့ အနီးကပ်ဆုံးပြိုင်ဘက်ကတော့ မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီဖြစ်ပြီး အသက် ၂၈ နှစ်အရွယ် ရိုဒရီဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ရိုဒရီဟာ ဇွန်လအတွင်းက အင်္ဂလန်အသင်းကို စပိန်အသင်းက အနိုင်ရရှိခဲ့တဲ့ ယူရို ၂၀၂၄ ဗိုလ်လုပွဲစဉ်မှာ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်ပါတယ်။

ဗီနီးစီးယပ်ဂျူနီယာ၊ ရိုဒရီတို့နဲ့အတူ ဘလွန်းဒီအောဆုကို ရရှိမယ့်အခွင့်အရေးအများဆုံး ကစားသမားတွေအဖြစ် သတ်မှတ်ခံထားရသူကတော့ ဗီနီစီးယပ်ဂျူနီယာရဲ့ ရီးယဲလ်မက်ဒရစ်အသင်း ကစားဖော် ဘယ်လင်ဂမ်ဖြစ်ပြီး ဘယ်လင်ဂမ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၄၂ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၂၃ ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အမျိုးသမီးဘလွန်းဒီအောဆုကိုတော့ ပြီးခဲ့တဲ့နှစ်ကရရှိခဲ့တဲ့ ဘွန်မာတီကပဲ ထပ်မံရရှိဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ ဘွန်မာတီဟာ မေလအတွင်းက လိုင်ယွန်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်မှာ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိခဲ့သူဖြစ်ပါတယ်။

အမျိုးသမီး ဘလွန်းဒီအောဆုအတွက် ဘွန်မာတီရဲ့ အဓိကပြိုင်ဘက်ကတော့ ဘာစီလိုနာအမျိုးသမီးအသင်း ကစားဖော် ဂရေဟမ်ဟန်ဆန်ပဲ ဖြစ်ပါတယ်။ နော်ဝေတောင်ပံကစားသမား ဂရေဟမ်ဟန်ဆန်ဟာ ဘာစီလိုနာအမျိုးသမီးအသင်းနဲ့အတူ သွင်းဂိုး ၂၁ ဂိုး၊ ဂိုးဖန်တီးမှု ၁၉ ကြိမ်ပြုလုပ်ထားကာ အမျိုးသမီးချန်ပီယံလိဂ် ဆုဖလားကိုလည်း ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ အမျိုးသားဘလွန်းဒီအောဆုအတွက် အမည်စာရင်းတင်သွင်းခံထားရတဲ့ ကစားသမားတွေကတော့ ဗီနီစီးယပ်ဂျူနီယာ(ရီးယဲလ် မက်ဒရစ်)၊ ရိုဒရီ(မန်စီးတီး)၊ ဘယ်လင်ဂမ်(ရီးယဲလ်မက်ဒရစ်)၊ ကာဗာဂျယ် (ရီးယဲလ်မက်ဒရစ်)၊ လော်တာရိုမာတီနက်ဇ် (အင်တာမီလန်)၊ တိုနီခရူးစ်(အနားယူ)၊ အမ်ဘတ်ပီ (ရီးယဲလ်မက်ဒရစ်)၊ ဟယ်ရီကိန်း (ဘိုင်ယန်မြူးနစ်)၊ ဖီးလ်ဖိုဒန်(မန်စီးတီး)၊ နီကိုဝီလီယံ(ဘီဘာအို)၊ ဖလော်ရီယန်ဝ့ါဇ်(လေဗာကူဆင်)၊ ယာမယ်(ဘာစီလိုနာ)၊ ဟာလန်း(မန်စီးတီး)၊ အီမီလီယာနို (အက်စ်တွန်ဗီလာ)၊ ဒါနီအိုမို(ဘာစီလိုနာ)တို့ပဲ ဖြစ်ပါတယ်။

## လီဗာပူးအသင်းက ဖရန့်ဖက်အသင်းတိုက်စစ်မှူး အိုမာမာမောက်ရှ်ကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိ

လီဗာပူးအသင်းဟာ အနာဂတ်ကာလမှာ အသင်းရဲ့လက်ရှိတိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့နေရာမှာ အစားထိုးဖို့ ဖရန့်ဖက်အသင်းတိုက်စစ်မှူး အိုမာမာမောက်ရှ်ကို ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ အိုမာမာမောက်ရှ်ဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဖရန့်ဖက်အသင်းမှာ သွင်းဂိုး ကိုးဂိုး သွင်းယူထားတာကြောင့် ထိပ်တန်းဂိုးသွင်းရှင်အဖြစ် သတ်မှတ်ခံထားရပြီး ဖရန့်ဖက်အသင်းက အိုမာမာမောက်ရှ်ရဲ့ ပြောင်းရွှေ့ကြေးကိုပေါင်၅၅သန်းသတ်မှတ်ထားတာ ဖြစ်ပါတယ်။




တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ယခုဘောလုံးရာသီကုန်မှာ စာချုပ်သက်တမ်း ကုန်ဆုံးတော့မှာဖြစ်တာကြောင့် လီဗာပူးအသင်းအနေနဲ့ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ အိုမာမာမောက်ရှ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

**ဘောလုံးလောကသတင်းတိုများ**

- မန်ယူအသင်းဟာ လက်ရှိအသင်းနည်းပြ အဲရစ်တန်ဟက်ရဲ့နေရာမှာ အစားထိုးနည်းပြအဖြစ်ခေါ်ယူဖို့ ဇာဗီဟာနန်ဒက်ဇ်နဲ့ ရူဘင်အာမိုရင်တို့အနက်မှ တစ်ဦးကို ခေါ်ယူနိုင်ရေး စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ဘဏ္ဍာရေးအခက်အခဲများဖြစ်ပေါ်နေခြင်းကြောင့် ဘာစီလိုနာအသင်းက ရောင်းချဖို့ စီစဉ်နေတဲ့ စပိန်ကစားသမား ယာမယ်ကို ခေါ်ယူနိုင်ရေး လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းနဲ့ မန်စီးတီးအသင်းတို့က ပေါ်တိုအသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ ပေါ်တူဂီဂိုးသမား ကော်စတာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အဆိုပါကစားသမားရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၃၇ ဒသမ ၅ သန်း သတ်မှတ်ထားတယ်လို့ သိရပါတယ်။

## တိုက်စစ်မှူး ဘာလော့တယ်လီ စီးရီးအေသို့ ပြန်လည်ခြေချဖို့ နီးစပ်နေပြီဖြစ်



မန်စီးတီးအသင်းရဲ့ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်တဲ့ ဘာလော့တယ်လီဟာ ဂျီနိုအာအသင်းနဲ့အတူ အီတလီစီးရီးအေသို့ ပြန်လည်ခြေချဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဘာလော့တယ်လီဟာ တူကီယဲကလပ် ဒီမာစပေါ်အသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် လက်ရှိအချိန်မှာ အသင်းလက်မဲ့အနေအထားကို ရောက်ရှိနေတာ ဖြစ်ပါတယ်။

ဒါကြောင့် ဘာလော့တယ်လီအနေနဲ့ အီတလီစီးရီးအေကလပ် ဂျီနိုအာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ပြင်ဆင်ထားတာဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်မှာ ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှုတွေပြုလုပ်သွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ် များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(စ/၇၁B)၊ ဧရိယာ(၂၀ပေx၆၀ပေ)ရှိဂရန်သက်တမ်းကုန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်တည်ရှိသောအမှတ် (စ/၇၁B)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးခင်မောင်လေး [၁၂/လမန(နိုင်)၁၀၈၈၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)၊(စဉ်-၂၁၇၂ )**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာမွန် (၃)လမ်းရှိ တိုက်အမှတ် (၁၂)၊ အခန်းအမှတ် (၀၀၁)ဟု ခေါ်တွင်သော မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်စုစုအေး (C/ RGN-00960)အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဒေါ်စုစုအေးထံမှ ဦးဝင်းနိုင်ဦး [၁၂/လမန (နိုင်)၁၃၇၈၉၁]က လည်းကောင်း၊ ဦးဝင်းနိုင်ဦးထံမှ (၂၄-၈-၂၀၀၉)နေ့စွဲပါ " တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ရီရီမြင့် [၁/မကန(နိုင်) ၀၁၂၁၂၀၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်သူ [၁၀/ပမန(နိုင်)၂၃၃၇၀၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၀၃၅)**
**အမှတ် (၄၉၃)၊ အခန်း(၁)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၈၀၃၄၆၈၉**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ် ၃၉၆/A အကျယ်အဝန်း (၁၀ x ၆၀)ပေရှိ မြေငှားဂရန်စာချုပ် ဒေါ်ကြည် အမည်ပေါက် မြေကွက်နှင့်အိမ်အား ဒေါ်နန်းမေခိုင်သီရိငြိမ်း [၁၂/သလန(နိုင်)၁၂၇၄၂၅] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးသန်းထွန်းနှင့်ဒေါ်စန္ဒာဝင်းတို့ထံ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှ ဝယ်ယူရန်သဘောတူသဖြင့်(၂၄-၁၀-၂၀၂၄) ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပြီးဖြစ်၍ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်၊ အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထိ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲဝံ့ကိုကို**
**အထက်တန်းရှေ့နေ(စဉ် -၅၂၇၆၄)**
**၁၀၂၁/က၊ ဦးကြင်ဥ(၂)လမ်း၊ ၃၂ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၅၂၈၀၁၉၉၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မန္တလေးလမ်း၊ မြေကွက်အမှတ်(၃၉၉/က)၊ အကျယ်အဝန်း(၄၀x၆၀) ပေအနက်မှ အကျယ်အဝန်း (၂၀x၆၀) ပေရှိ ဒေါ်ခင်တင့်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်ကြူကြူလွင် [၁၂/ဥကတ(နိုင်)၁၂၅၇၃၃] မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ် (A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊**
**(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၄၁၅၃၄၇၄**

### အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၅)လမ်း၊ မြေကွက်အမှတ်(၅၉၉/က) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ (၁၈ပေ x ၅၄ပေ) အကျယ်ရှိတိုက်ခန်းသည် မြေရှင်ဦးတင်အောင်(AC-၀၂၇၄၈၃) နှင့် ကန်ထရိုက်တာ ဦးကျော်ဝင်း [၁၂/ဥကတ(နိုင်)၁၁၀၄၉၁]တို့ပြုလုပ်ချုပ်ဆိုထားသော (၅-၈-၂၀၁၃)ရက်စွဲပါ "နှစ်ဖက်သဘောတူကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူညီချက်ကတိစာချုပ်" အရ ကန်ထရိုက်တာဖြစ်သူ ဦးကျော်ဝင်းက အကျိုးခံစားခွင့်ရရှိထားသော တိုက်ခန်းဖြစ်ပြီး ယခုရောင်းချသူ ဒေါ်ကြည်ပြာရွှေ [၁၂/သကတ(နိုင်)၁၇၅၁၈၆]က ကန်ထရိုက်တာထံမှ အဆက်ဆက်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးစွမ်းထက်ပိုင် | ဒေါ်ပိုးဇာနည်ဝင်း |
|---|---|
| LL.B,DBL,DIL,MA (Business Law) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅) |
| ဖုန်း -၀၉-၄၃၀၉၄၆၇၂ | ဖုန်း -၀၉-၇၉၉၈၉၀၄၉၂ |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

### အများပြည်သူသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)၊ ပဒံကွင်း၊ အမှတ်- ၃၆၉(ခ)ဖြစ်သော မြေကွက်အလွတ် ဧက(၄၀)ကို အကျိုးခံစားခွင့်ရှိသူ လယ်သမား ဦးတင်ရွှေနှင့် ဦးဘုန်းမြတ်ကျော်တို့နှစ်ဦးမှ ဦးလှထွန်းသို့ မြေဧက(၂၀)ကို အကျိုးခံစားရယူရန် အထွေထွေကိုယ်စားလှယ်လွှဲစာအပါအဝင်ဖြင့် ဧက(၂၀)ကို အကျိုးခံစားပိုင်ဆိုင် စီမံခန့်ခွဲခွင့်ပေးအပ်ကာ မြေဧက(၄၀)အတွက် တန်ဖိုးသင့်ဝယ်ယူခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှထွန်းမှ အကျိုးခံစားပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသည့်မြေဧက(၂၀)ကို ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်း၊ နေထိုင်အသုံးပြုခြင်းများပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဦးလှထွန်း [၁၂/သကတ(နိုင်)၁၂၄၄၂၂] ဖုန်း-၀၉-၄၂၁၇၅၈၀၉၇ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးနေဝင်း | ဦးယုမင်းဆွေ (LL.B, D.B.L) |
|---|---|
| LL.B,DBL,DLP,WIPO(SWITZERLAND) | အထက်တန်းရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ | (စဉ်- ၃၆၄၁၁) |
| (စဉ်-၅၆၉၈) (၂၈-၆-၉၁) | |

**အမှတ်(၁၈၅)၊ (၃၉)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉- ၂၅၄၂၃၃၉၀၀၊ ၀၉-၄၂၁၁၇၁၄၅၂**

## ဥတုရာသီ တောကိုမှီ၏

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ ရွှေဥဒေါင်း(၃)လမ်းနေ ဦးနိုင်ဝင်းထွန်း [၁၂/ဒဂတ(နိုင်)၀၃၆၁၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-




**တံဆိပ်မှတ်ပုံတင်အမှတ်-၈/၈၂၉၉**

အထက်ဖော်ပြပါ **"ပါရမီ (Parami)"** အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပါရမီ (Parami) ဟူသော စာသားနှင့်အမှတ်အသားအသုံးပြု၍ ကျွန်ုပ်မိတ်ဆွေမှ **ငရုတ်သီးကြော်** ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမည် အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ အင်တာနက် Online နှင့် လူမှုကွန်ရက်စာမျက်နှာများ၊ မီဒီယာလုပ်ငန်းများတွင် တုပသုံးစွဲခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကောင်းညာဏ်လင်း(LLB)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၀၄၉)**
**အမှတ်(၁၁/၁၁၀)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက် ရွှေဥဒေါင်း(၃)လမ်းနေ ဦးနိုင်ဝင်းထွန်း [၁၂/ဒဂတ(နိုင်)၀၃၆၁၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-




**တံဆိပ်မှတ်ပုံတင်အမှတ်-၄/၈၄၇၅**

အထက်ဖော်ပြပါ **"ပါရမီ (Parami)"** အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပါရမီ (Parami) ဟူသောစာသားနှင့်အမှတ်အသားအသုံးပြု၍ ကျွန်ုပ်မိတ်ဆွေမှ **အသားမဆလာ** ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမည် အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ အင်တာနက် Online နှင့် လူမှုကွန်ရက်စာမျက်နှာများ၊ မီဒီယာလုပ်ငန်းများတွင် တုပသုံးစွဲခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကောင်းညာဏ်လင်း(LLB)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၀၄၉)**
**အမှတ်(၁၁/၁၁၀)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်အမှတ်(၇၇)၊ Infinity Condominium ၏အခန်းအမှတ်(B-05)၊ (၂၂)လွှာ၊ အကျယ်အဝန်း(၁၃၅၆ စ/ပေ) အကျယ်ရှိ ရေ+မီးစုံလင်စွာပါရှိသောကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
|---|---|
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေး |
| LL.B,D.B.L (စဉ်-၁၁၃၁၁) | LL.B,LL.M (စဉ်-၁၆၉၁၇) |

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 09-5185534, 09-5173690, 09-5040160, 09-420203960
ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 09-5060940, 09-5185539, 09-450450977, 09-450450907

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည်ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ “အသိတရား” ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် “အရှိတရား” လည်း ဖြစ်တယ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ


**ဆူဒန်နိုင်ငံ၌ ငါးနှစ်အောက်ကလေး ၃ ဒသမ ၇ သန်းပြင်းထန်သောအာဟာရချို့တဲ့မှုအန္တရာယ်နှင့် ရင်ဆိုင်နေရ** စာမျက်နှာ » ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို သိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

**၂၀၂၄ ခုနှစ်အတွက် ဘလွန်းဒီအောဆု ဘယ်ကစားသမား ရရှိမလဲ** စာမျက်နှာ » ၂၇


## ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားအဖွဲ့ ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိ



ရန်ကုန် အောက်တိုဘာ ၂၇

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ် (ICF) က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ၂၀၂၅ ခုနှစ်တွင် ချန်ဒူး၌ ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသား (၁၀)တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ပထမ (ရွှေတံဆိပ်)ဆု၊ မြန်မာအသင်းက

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ✳

## AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရ

ရန်ကုန် အောက်တိုဘာ ၂၇

**၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စု (D) ပထမနေ့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Young Elephant အသင်းတို့ အောက်တိုဘာ ၂၇ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**



ရှမ်းယူနိုက်တက်အသင်း တောင်ပံတိုက်စစ်ကစားသမား ရဲရင့်အောင် အဖွင့်ဂိုး သွင်းယူနေစဉ်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ရဲရင့်အောင် သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် သုံးသင်းပါဝင်သော အုပ်စုတွင်ပါဝင်နေပြီး ထိပ်ဆုံးနှစ်သင်း ကွာတားဖိုင်နယ်တက်ရောက်မည်ဖြစ်သောကြောင့် နိုင်ပွဲရရှိသည့် ရှမ်းယူနိုက်တက်အသင်းသည် ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရရှိရန် အခြေအနေ ကောင်းသွားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည်

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❖



မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၇

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု(I) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၇ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ကာဂျစ္စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ○